# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 4 April 2024 ၁၁၄၂၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေး

## အသိပညာမြင့်မားအောင် လုပ်ဆောင်ကြရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေး လုပ်ဆောင်ကြရန်လည်းလိုအပ်

**နေပြည်တော် ဧပြီ ၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒေါက်တာ မှုထန်၊ ဒေါက်တာ ဘရွှေ၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။**




ကြေးမုံ

# မမှန်သတင်းများရှောင်ရှား၍ နိုင်ငံကာကွယ်

နိုင်ငံလိုအပ်ချက်အရ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံအတွင်းနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံရှိ ပဋိပက္ခနှင့် တင်းမာမှုအခြေအနေများအပေါ် မူတည်၍ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့နှင့် ၁၃ ရက်နေ့တို့၌ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဥပဒေပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေတို့ အာဏာတည်အသက်ဝင်ပြီး လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်သည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သတ်မှတ်ချက်အကျုံးဝင်သူများနှင့် ဆက်နွယ်ကြသည့် မိဘဆွေမျိုးအသိုင်းအဝိုင်းများကြားတွင် သိရှိနားလည်သဘောပေါက်ရန် လိုအပ်ချက်များရှိနေသဖြင့် ဥပဒေများကို လေ့လာမှတ်သားပြီး ပြန်လည်ရှင်းလင်းအသိပေးကြရမည်ဖြစ်သည်။ အဆိုပါဥပဒေနှင့်ပတ်သက်၍ ပြည်သူများကြားတွင် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိရာ ထုတ်ပြန်ထားသည့် အချက်အလက်များကို သိရှိနားလည်သဘောပေါက်ကြသည့် ပြည်သူအချင်းချင်း ရှင်းလင်းအသိပေးကြသည်များရှိသလို မဟုတ်မမှန်လုပ်ကြံသတင်းများနှင့် သတင်းမှားများကိုအခြေခံ၍ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများအောင် ပြောဆိုနေကြသူများလည်းရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့် ရေဒီယိုအစီအစဉ်များမှ အသိပေးလျက်ရှိသော်လည်း ဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးဖြင့် မလေ့လာ၊ မသိရှိကြသဖြင့် လမ်းမှားပေါ်သို့ ရောက်ရှိသွားကြသည့် လူငယ်အချို့ရှိသည်ကို စိတ်မကောင်းဖွယ်ကြားသိရသည်။ အချို့လည်း လက်ရှိအခြေအနေများကို ပစ်ပယ်ပြီး ပြည်တွင်း/ပြည်ပသို့ တိမ်ရှောင်သွားခြင်း၊ အချို့လည်း အကြမ်းဖက်အဖွဲ့အစည်းများ၏ လှုံ့ဆော်စည်းရုံး ဝါဒဖြန့်မှုကိုနားယောင်ပြီး လုပ်ဆောင်မိခြင်းတို့မှ ကင်းဝေးအောင် မှန်သောအသိအမြင်များ မျှဝေပေးကြရမည်ဖြစ်သည်။

ဥပဒေကို သဘောပေါက်နားလည်အောင် လေ့လာခြင်းမရှိဘဲ မမှန်သတင်းစကားများ၊ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ပြီး မိမိဘဝ၊ မိမိ မိသားစုဘဝ အကြောင်းမဲ့ အချည်းနှီး ဆုံးရှုံးပျက်စီးခြင်းမရှိအောင် ဝိုင်းဝန်းစည်းရုံး ရှင်းလင်းပြောဆိုပေးကြရမည်ဖြစ်သည်။ ထို့ပြင် ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး မသိနားမလည်သူတို့အပေါ် ဥပဒေနှင့်မညီသည့် ခြိမ်းခြောက်အကျပ်ကိုင်မှုမှတစ်ဆင့် ငွေကြေးနှင့် အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူအကျင့်ပျက်ဝန်ထမ်းအချို့နှင့် အဖွဲ့အစည်းအချို့ကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်လိုသည်။

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်နှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ စနစ်တကျစာရင်းကောက်ယူ စိစစ်အတည်ပြုပြီးမှ ကာယကံရှင်ဆန္ဒနှင့်အညီ အတိုင်းအတာဖြင့် လက်ခံဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူခြင်း၊ ဆေးစစ်ခြင်းနှင့် အကျုံးဝင်သူများကို ဆင့်ခေါ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ကိုယ်တိုင်ဆန္ဒပြုသူ များစွာပါဝင်နေသည်ကိုတွေ့ရသည်။ ပြည်သူ့စစ်မှုထမ်းခြင်းကို အတင်းအကျပ်ဆန္ဒပြုစေခြင်းမျိုးမဖြစ်စေရန် အောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရပ်ကျေးအဆင့် တာဝန်ရှိသူများအနေဖြင့် မဟုတ်မမှန်ပြောဆိုနေကြသည့် အခြေအနေမျိုးမဟုတ်ဘဲ စနစ်တကျဆောင်ရွက်သွားရန်လိုအပ်သည်။

ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းမှားများ၊ ကောလာဟလသတင်းများ မလွှမ်းမိုးစေရေးအတွက် သတင်းမှန်များ အချိန်တိုအတွင်းရောက်ရှိစေရန် ဆက်သွယ်ရေးမိုဘိုင်းအော်ပရေတာလေးခုမှ ပေးပို့လျက်ရှိသည့် သတင်းစကားများကို လေ့လာမှတ်သားရန်လိုအပ်သည်။ လူတိုင်းတွင် အကြောင်းအမျိုးမျိုးရှိမည်ဖြစ်၍ ဥပဒေပါ ကင်းလွတ်ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များအပြင် ဗဟိုအဖွဲ့အစီအစဉ်ဖြင့် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့်၊ ပေါ့လျော့ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များကိုလည်း ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖြန့်ဝေပေးထားပြီး ထပ်ဆင့်ရှင်းလင်းခြင်းများမှတစ်ဆင့် အထောက်အကူပြုပြီး စိုးရိမ်ပူပန်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အကျုံးဝင်သည့် လူငယ်လူရွယ်များကို ပထမအသုတ်အဖြစ် စုစည်းထားပြီး ဗဟိုအဖွဲ့အနေဖြင့် ပထမဆုံးဖွင့်လှစ်မည့်သင်တန်းကို ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဖွင့်လှစ်ရန်ပြင်ဆင်ထားပြီးဖြစ်ရာ အဆိုပါလူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်တာဝန်ကို ဥပဒေနှင့်အညီ ကျေပွန်အောင်ထမ်းဆောင်နိုင်မည့် နိုင်ငံ့သားကောင်းများအဖြစ် ဂုဏ်ယူဖွယ်ရာ မြင်တွေ့ကြရတော့မည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကို နိုင်ငံအများတွင်လည်း ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း နိုင်ငံကို ကာကွယ်စောင့်ရှောက်ပေးသူများအဖြစ် မြင်တွေ့နိုင်သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်နှင့်နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ပေးမည့် ဥပဒေဖြစ်၍ ထိုဥပဒေနှင့်ပတ်သက်ပြီး မဟုတ်မမှန်သတင်းစကားများ၊ မသမာသောလုပ်ဆောင်မှုများကို သတိပြုကာကွယ်ရှောင်ရှားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ကြမည့်သူများ အစဉ်အဆက်ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့၌ သတ္တမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၁၆ ဌာနတို့၌ ပထမနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာရင်းသွင်း ၂၁၁၉ ပါး/ဦးအနက် ၁၁၉၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၆ ဒသမ ၃၀ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၀၀၉၆ ပါး/ဦးအနက် ၄၈၈၉၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၃၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ပြသမှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာခြင်း

တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံဖြင့် ရိုက်ကူးထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်ခြင်းမပြုမီ ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့အရ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ တေးသီချင်းဗီဒီယိုများကို ထုတ်လုပ်သူများက ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြမှုများရှိသည့်အတွက် အောက်ပါဆင်ဆာမူဝါဒများအား ထိခိုက်စေနိုင်ခြင်း မရှိစေရေး မိမိတို့ကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စိစစ်ပြီး ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်နိုင်ကြောင်းနှင့် တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လိုပါကလည်း အမြန်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

(က) နိုင်ငံရေး၊

(ခ) ဘာသာရေး၊

(ဂ) တိုင်းရင်းသားချစ်ကြည်ရေး၊

(ဃ) အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊

(င) ရက်စက်ကြမ်းကြုတ်မှုများ ပါဝင်မှုမရှိစေရေး၊

(စ) ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေး။

သို့ဖြစ်ပါ၍ တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ရိုက်ကူးထုတ်လွှင့်ပြသသူများအနေဖြင့် အထက်ပါဆင်ဆာမူဝါဒများကို လိုက်နာခြင်းမရှိဘဲ ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်ပါက ရိုက်ကူးသူ ဒါရိုက်တာအပါအဝင် ပါဝင်သရုပ်ဆောင်သူများ၊ ထုတ်လွှင့်ပြသသူများအားလုံးကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃-၄-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁၅၀ | ၁,၂၆၀,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၂၃၃ | ၆၆၅,၅၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၅၀၀ | ၂,၄၅၀ | ၁,၅၁၈ | ၃,၇၉၄,၈၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂၂၆ | ၃၉၂,၉၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁၃ | ၆၀,၆၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၅၀ | ၁,၁၁၁ | ၂,၀၅၅,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**ကြည့်ရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် "စာပဒေသာ ဝေဆာစေမည်" ဗီဒီယို Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားများနှင့် လူငယ်နှင့် စာပေအနုပညာ ပွဲတော်ကဲ့သို့ အခမ်းအနားများတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသသည့် ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့်စာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြောင်း၊ အဆိုပါစာအုပ်များအနက် လက်ရှိအချိန်အခါတွင် ထပ်မံထုတ်ဝေသင့်သည့် စာအုပ်များ၊ ဟောင်းနေသော်လည်း ပြည်သူများ ဖတ်ရှုလေ့လာသင့်သည့်စာအုပ်များ၊ လူငယ်လူရွယ်များအတွက် အသိပညာဗဟုသုတဖြစ်စေမည့် စာကောင်းပေမွန်များ၊ ပြည်သူကိုအကျိုးပြုသည့် သုတရသ စာအုပ်များကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန် အမြဲလမ်းညွှန်မှာကြားခဲ့ကြောင်း။

အဆိုပါ စာအုပ်များအတွင်းမှ ယနေ့မိမိတို့မိသားစုက မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းကို လှူဒါန်းမည့် လူထုသိပ္ပံကျမ်းအတွဲများလည်း ပါဝင်ကြောင်း၊ လူထုသိပ္ပံကျမ်းများကို လွတ်လပ်ရေးရပြီးကာလ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း အတွဲကိုးတွဲအထိ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီး(စာပေဗိမာန်) က ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း၊ လူထုသိပ္ပံကျမ်းများတွင် စကြဝဠာ၊ ကမ္ဘာမြေ၊ ဘဝအကြောင်းရပ်များ၊ အပင်၊ တိရစ္ဆာန်၊ ဒြပ်နှင့် စွမ်းအင်၊ စက်မှုလက်မှုနှင့် လူ့အဖွဲ့အစည်းစသည်များကို သုတေသနလုပ်ငန်းများ ပြုလုပ်ပြီး အသိဉာဏ်ပညာ တိုးတက်စေရန် ရည်ရွယ်ပြုစုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစာအုပ်များသည် ယနေ့အချိန်တွင် လူငယ်လူရွယ်များ လေ့လာသင့်သည့် စာအုပ်များဖြစ်သဖြင့် မိမိအကြံပြုလမ်းညွှန်သည့်အတိုင်း ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေနေပြီဖြစ်ကြောင်း။

**ဆက်လက်ထုတ်ဝေသွားမည်**

ယခုအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနက လူထုသိပ္ပံကျမ်းအတွဲ (၁)၊ (၂)၊ (၃) သုံးအုပ်ကို ထပ်မံထုတ်ဝေပြီးဖြစ်ကြောင်းနှင့် အတွဲ (၄) နှင့် (၅) နှစ်အုပ်ကိုလည်းဆက်လက်ထုတ်ဝေရန် ဆောင်ရွက်နေကြောင်း၊ ကျန်သည့်အတွဲများကိုလည်း ဆက်လက်ထုတ်ဝေသွားမည်ဟု သိရှိရကြောင်း၊ အဆိုပါစာအုပ်များသည် ယနေ့လူငယ်လူရွယ်များ သိသင့်သိထိုက်သည့်၊ လေ့လာဖတ်ရှုသင့်သည့် အသိပညာဗဟုသုတများပါခြင်းကြောင့် မိမိနှင့်မိသားစုက ယခုစာအုပ်များကို စာကြည့်တိုက်များတွင် လှူဒါန်းလိုသည့် စိတ်ဆန္ဒပေါ်ပေါက်လာပြီး ထုတ်ဝေပြီးသည့် အတွဲသုံးတွဲမှ အတွဲတစ်တွဲကို အုပ်ရေ ၁၅၀၀ စီဖြင့် စာအုပ်ပေါင်း ၄၅၀၀ ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းကို အုပ်ရေ ၃၀၀၀ နှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များ အတွက် အုပ်ရေ ၁၅၀၀ လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ အလားတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း သုတရသစာအုပ် ၅၅၀၀ ကို တစ်ပါတည်း လှူဒါန်းမည်ဖြစ်ကြောင်း၊ လူထုသိပ္ပံကျမ်းအတွဲ(၄)နှင့်(၅) ထုတ်ဝေပြီးပါကလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း။

စာအုပ်စာပေဆိုသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်ကြောင်း၊ ယခုလှူဒါန်းသည့် စာအုပ်များသည် လွန်ခဲ့သည့်နှစ် ၆၀ ကျော်ကဆိုသော်လည်း ယနေ့ခေတ်လူငယ်များ မသိနိုင်သေးသည့် အကြောင်းအရာများစွာ ပါဝင်ကြောင်း၊ မိမိပင်လျှင် တချို့မသိကြောင်း၊ ထို့ကြောင့် ယခုလှူဒါန်းသည့် စာအုပ်များကို တစ်လတွင် လူတစ်ယောက် ဖတ်ဖြစ်လျှင် တစ်နှစ်စာဖတ်သူဦးရေ ၅၄၀၀၀ ကို အသိပညာများရစေမည်ဖြစ်ကြောင်း၊ စာအုပ်၏ တန်ဖိုးကို ဖော်ပြ၍ရသော်လည်း စာဖတ်သူတို့ရသည့်အသိက တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိမည်ဖြစ်ကြောင်း။

**လေ့လာဖတ်ရှုလျက်ရှိ**

မိမိနှင့်မိမိ၏ဇနီးပါ စာပေဗိမာန်စာအုပ် အသင်းဝင်များ ဖြစ်ကြကြောင်း၊ ယနေ့အထိ နှစ်စဉ်အသင်းဝင်သက်တမ်း တိုးမြှင့်ပြီး အသင်းဝင် ဖြစ်နေခြင်းကြောင့် စာပေဗိမာန်က ဖြန့်ဝေပေးပို့သည့် လက်စွဲစာစဉ်များကို ပုံမှန်ရရှိပြီး အမြဲပင် ဖတ်ရှုလေ့လာဖြစ်ကြောင်း၊ အခြားစာအုပ်စာပေတိုက်များက ထုတ်ဝေသည့် စာအုပ်စာစောင်များကို လည်း ဖတ်ရှုလေ့လာသင့်သည်များကို ရှာဖွေဝယ်ယူပြီး အချိန်ပေးကာ လေ့လာ ဖတ်ရှုလျက်ရှိကြောင်း၊ အလုပ်များသည်ဖြစ်သော်လည်း နေ့စဉ်စာဖတ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ပညာရေးကဏ္ဍကို တိုးတက်မြင့်မားလာအောင် ဘက်ပေါင်းစုံက မြှင့်တင်ပေးနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်စေရေး အခြေခံပညာအဆင့်တွင် အခမဲ့ပညာရေးနှင့် လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းရအောင် လုပ်ဆောင်ပေးနေကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သကဲ့သို့ ပညာရေးသည်လည်း နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် ပညာတတ်လူငယ်များ ဖြစ်လာအောင်၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်အောင်၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်း မရှိအောင်၊ တန်းစဉ်ကူးပြောင်းမှုတွင် အရေအတွက်သာမက အရည်အချင်းပါ လျော့နည်းမသွားအောင် အားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပညာသင်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိလူဦးရေ ၅၆ သန်းကျော် ရှိသည့်အနက် ဘွဲ့ရသူ သုံးသန်းခန့်သာရှိကြောင်း၊ အသက် ၂၅ နှစ်အထက် ၂၅ ဒသမ ၁၇ သန်းခန့်တွင် မူလတန်းနှင့် အလယ်တန်းအဆင့်ရှိသူ ၇၀ ရာခိုင်နှုန်းခန့်၊ ဘွဲ့ရ၊ နည်းပညာ၊ သက်မွေးပညာ သင်တန်းကျောင်းနှင့် ဒီပလိုမာ ပြီးမြောက်သူဦးရေသည် တစ်နိုင်ငံလုံးတွင် ၁၃ ရာခိုင်နှုန်းခန့်သာရှိသည်ကို စာရင်းဇယားများအရ သိရကြောင်း၊ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်း ဖြစ်သဖြင့် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်နေကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အခြေခံပညာအဆင့်တွင် KG+9 အထိ မသင်မနေရစနစ်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တပ်မတော် ဌာနချုပ်များ/ တပ်ရင်း တပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

❖ **စာအုပ်စာပေဆိုသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်ကြောင်း၊ ယခုလှူဒါန်းသည့် စာအုပ်များသည် လွန်ခဲ့သည့်နှစ် ၆၀ ကျော်ကဆိုသော်လည်း ယနေ့ခေတ်လူငယ်များ မသိနိုင်သေးသည့် အကြောင်းအရာများစွာ ပါဝင်**

❖ **ယခုလှူဒါန်းသည့် စာအုပ်များကို တစ်လတွင် လူတစ်ယောက်ဖတ်ဖြစ်လျှင် တစ်နှစ်စာဖတ်သူဦးရေ ၅၄၀၀၀ ကို အသိပညာများ ရစေမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၃ မှ

မိမိတို့ တာဝန်ယူဆောင်ရွက်နေချိန်တွင် အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီး မလွှဲမရှောင်သာ ကျောင်းထွက်သွားကြရမည့် လူငယ်များအတွက် ဘဝတွင် သက်မွေးပညာတစ်ခုခုပါသွားစေရေး အခြေခံပညာ အထက်တန်းအဆင့်တွင် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး သက်မွေးပညာများကို ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် ခရိုင် ၅၀ က အထက်တန်းကျောင်း ၅၁ ကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ယခုလာမည့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် နောက်ထပ် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေး**

ဘဝအတွက် စာဖတ်ရန် လိုအပ်သည့် စကားတစ်ခုမှတ်သားမိကြောင်း၊ ၎င်းမှာ စာမတတ်သူသည် ထိုင်နေသည့် လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့် တူကြောင်း၊ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာ လမ်းလျှောက်နေသည့်သူနှင့်တူသည်ဟု ဆိုကြောင်း၊ ထို့ကြောင့် စာပေလေ့လာဖတ်ရှုကြရန် တိုက်တွန်းကြရမည်ဖြစ်ကြောင်း၊ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့ အားပေးကြရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း။

အသိပညာ မြင့်မားအောင် လုပ်ဆောင်ကြရန် အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီ ထားရှိပေးရန်အတွက် စာကြည့်တိုက်များကို အမှန်တကယ် အားကိုးအားထားပြုကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် ခရိုင်နှင့် မြို့နယ်အဆင့် စာကြည့်တိုက်ပေါင်း ၄၁၀ ကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူပြီး ဖွင့်လှစ်ပေးနေကြောင်း၊ အဆိုပါ စာကြည့်တိုက်များသည် နိုင်ငံတော်အစိုးရ၏ထောက်ပံ့မှုဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်များပင်ဖြစ်ကြောင်း၊ ထို့ပြင်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထု အစီအစဉ်ဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော် ဖွင့်လှစ်ထားသည်ဟုလည်း သိရကြောင်း၊ ယခုဖွင့်လှစ်နေသည်ဆိုသည့် အဆိုပါ စာကြည့်တိုက်များသည် စာကြည့်တိုက် အဆောက်အအုံများ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းဖတ်ရှုသူများ၊ စာကြည့်တိုက်ရန်ပုံငွေများ၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများရှိပြီး စာကြည့်တိုက်လုပ်ငန်းများကို ပုံမှန်လည်ပတ်နေသည့် စာကြည့်တိုက်များပင် ဖြစ်သည်ဟု သိရကြောင်း၊ ယခင်က ယခုထက်များပြားသည့် အရေအတွက်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်လုပ်ငန်းများ ရပ်နားသွားခဲ့သည်ဟုလည်း သိရကြောင်း။

ယခုကဲ့သို့ ပျက်စီးလျော့နည်းသွားသည့် စာကြည့်တိုက်များကို ယခင်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက်လည်း မိမိတို့လုပ်ဆောင်ပေးရန်လိုကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်အခါ နိုင်ငံတော်အစိုးရတစ်ခုတည်းကသာ ဆောင်ရွက်၍မရဘဲ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သည့် NGOs များ ကပါ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရွာတစ်ရွာကဲ့သို့ ဖြစ်နေပြီး Global Village ဟု တင်စားပြောဆိုကြသည်မှာ မှန်ပါကြောင်း၊ သို့သော် ရုပ်ဝတ္ထုပစ္စည်းများ မည်မျှပင် တိုးတက်ပါစေ၊ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ် အသုံးပြုကြသည့် လူသားများ၏စိတ်ဓာတ်များသည် မတိုးတက်၊ မမှန်ကန်၊ အားနည်းနေမည်ဆိုပါက ကောင်းကျိုးထက် ဆိုးကျိုးများနှင့်လည်း ကြုံရနိုင်ခြေများကြောင်း၊ အရာရာတွင် စိတ်က ဦးဆောင်သည်ဖြစ်သဖြင့် အသိဉာဏ်ပညာ ပြည့်ဝကြမှသာ ကောင်းကျိုးပြည့်ဝသည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံနှင့်ပြည်သူကို အကျိုးပြုမည့် စာကောင်းပေမွန်များကို များများရေးသားပြုစုထုတ်ဝေပေးကြရန်၊ ထုတ်ဝေပြီးသား စာအုပ်စာစောင် အဟောင်းများအနက် အသိပညာ ဗဟုသုတပေးနိုင်မည့် စာအုပ်ကောင်းများကို ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်အောင် ကြိုးစားပေးကြရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်၊ စာတတ်ရုံ၊ အတတ်ပညာ ပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန်ပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရန် တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ ဆရာမများက ကြိုးစားဆောင်ရွက်ပေးကြရန်၊ ကျောင်းစာကြည့်တိုက်များ၊ ရပ်ကွက်ကျေးရွာ စာကြည့်တိုက်များ တိုးပွားရေး၊ ရေရှည်တည်တံ့ရေး၊ တိုးတက်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ နိုင်ငံတော်အစိုးရက လှူဒါန်းသော သုတ၊ ရသစာအုပ် ၃၅၀၀ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုက လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၁/၂/၃) စာအုပ် ၃၀၀၀ အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က လက်ခံရယူသည်။

ဆက်လက်၍ တပ်မတော်မှ ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့ စာကြည့်တိုက်များသို့ နိုင်ငံတော်အစိုးရက လှူဒါန်းသော သုတ၊ ရသစာအုပ် ၂၀၀၀ နှင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုတို့က လှူဒါန်းသော လူထုသိပ္ပံကျမ်းအတွဲ(၁/၂/၃) စာအုပ် ၁၅၀၀ တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာ ဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မကြာမီ အချိန်အတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန" အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည် -

- ညွှန်ကြားရေးမှူး (ထုတ်လုပ်)
  ပြန် / ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ /၀၉၄၂၁၀၄၆၇၁၅
- ညွှန်ကြားရေးမှူး (ပြန်/ဆက်)
  ပြန် / ဆက် ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၁၂၀၆၄
- တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်
  ပြန် /ဆက် ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**



## ရှေ့တန်းရောက်တပ်မတော်သားများအတွက် ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များက ခေါက်ဆွဲခြောက်များပေးအပ်လှူဒါန်း

**ဘားအံ ဧပြီ ၃**

ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် ကရင်ပြည်နယ်အတွင်းရှိ ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များက ငွေကျပ် ၂၀၅၀၀၀၀၀ တန်ဖိုးရှိအသင့်စားသုံးနိုင်သော ခေါက်ဆွဲခြောက်များကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်း(၂)၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးက လုံခြုံရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် တပ်မတော်သည် အဓိကဖြစ်သည့်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကမကထ ပြု၍ ပြည်နယ်အတွင်းရှိ ကုမ္ပဏီများနှင့် လုပ်ငန်းရှင် အသင်းအဖွဲ့ ၁၇ ခုမှ အလွယ်တကူစားသုံးနိုင်သော ခေါက်ဆွဲခြောက်ထုပ် ၄၅၉၀၀ ကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ပေးပို့လှူဒါန်းနိုင်ရေး ကူညီဆောင်ရွက်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်များကို တာဝန်ရှိသူတစ်ဦးထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး စေတနာရှင်အလှူရှင် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**❍ ကျောဖုံးမှ**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဇေယျကျော်ထင် ဦးအောင်အောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဗိုလ်လောင်းတပ်ခွဲများအားစစ်ဆေး**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃၁)၊ ဗိုလ်လောင်းပိုင်ဟိန်းသူအား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃၁) ဗိုလ်လောင်းပိုင်ဟိန်းသူအား ငွေဓားဆုချီးမြှင့်ပေးအပ်စဉ်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ တိုင်းရင်းသားပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စု တပ်မတော်ကြီးဖြစ်ကြောင်း၊ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကစ၍ ယနေ့အချိန်အထိ ခေတ်အဆက်ဆက်တွင် သမိုင်းအစဉ်အလာကောင်းများနှင့် လျှောက်လှမ်းလာခဲ့သည်မှာ ပြီးခဲ့သည့် မတ် ၂၇ ရက်တွင် “၇၉” နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း။

**သမိုင်းမှတ်တမ်းတွင်အထင်အရှားရှိ**

လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရအဆက်ဆက် နိုင်ငံရေးစနစ်အမျိုးမျိုးနှင့် အုပ်ချုပ်ခဲ့ရာတွင် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် စသည့်ကာလများတွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးမတည်ငြိမ်မှုများ၊ ပြည်ပကျူးကျော်စစ်များနှင့် ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုများကိုကြုံတွေ့ခဲ့စဉ်တွင်လည်းတပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝ လုံခြုံရေးတို့အတွက် တိုင်းရင်းသားပြည်သူများအရှေ့တွင် မားမားမတ်မတ်ရပ်တည်ပြီး သစ္စာရှိစွာ ကာကွယ်စောင့်ရှောက်ခဲ့သည်ကို သမိုင်းမှတ်တမ်းတွင် အထင်အရှားရှိခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင် ဖြစ်ကြောင်း၊ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် တပ်စုတစ်စုကို ဦးဆောင်ကွပ်ကဲရမည့်သူများ အနေဖြင့် ခေါင်းဆောင်မှုပညာရပ်များကို နားလည်တတ်ကျွမ်းထားရန် လိုအပ်ကြောင်း၊ စစ်မြေပြင်တိုက်ပွဲများသည် အသက်၊ သွေး၊ ချွေးများကို ရင်းနှီးပြီး စွန့်စားဆောင်ရွက်ရသည်ဖြစ်၍ တိုက်ပွဲတိုင်းအောင်မြင်နိုင်ရန် ခေါင်းဆောင်၏အရည်အသွေး အခန်းကဏ္ဍသည် အလွန့်အလွန်အရေးကြီးကြောင်း၊ ခေါင်းဆောင်၏ စိတ်ဓာတ်နှင့် စီမံခန့်ခွဲမှုသည် စစ်ပွဲ၏ အနိုင်အရှုံးကို ဆုံးဖြတ်ပေးသည့် အဓိကအကြောင်းအရာပင် ဖြစ်ကြောင်း၊ ခေါင်းဆောင်၏ ဦးဆောင်မှုကောင်းပါက နောက်လိုက်စစ်သည်များနှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်လာပြီး တပ်ဖွဲ့တစ်ခုလုံး၏ စည်းလုံးညီညွတ်မှု အင်အားမှ တစ်ဆင့် တိုက်စွမ်းရည်ကောင်းကို ရရှိစေမည်ပင်ဖြစ်ကြောင်း။

**စံနမူနာပြနေထိုင်ကျင့်ကြံပြောဆို**

စစ်မှန်သည့် ခေါင်းဆောင်သည် ကိုယ်တိုင် စံနမူနာပြနေထိုင်ကျင့်ကြံပြောဆိုပြီး လက်အောက်ငယ်သားများ၏ ယုံကြည်အားကိုးမှုနှင့် ချစ်ခင်လေးစားအသိအမှတ်ပြုမှုကို ရယူနိုင်သည့်သူများဖြစ်ကြောင်း၊ ထိုသို့ အရည်အချင်းများရရှိစေရန်အတွက် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည့်သူများအနေဖြင့် ယနေ့မှစ၍ ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့် ပြည့်စုံနေရန်လိုကြောင်း၊ ထို့ကြောင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအပေါ်တွင် မှန်ကန်သည့်ခေါင်းဆောင်မှုနှင့်အတူ မိဘသဖွယ်စိတ်ဓာတ်၊ ခေါင်းဆောင်သဖွယ်စိတ်ဓာတ်တို့နှင့် စည်းကမ်းတကျကွပ်ကဲအုပ်ချုပ်မှသာ အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်အောက်ကိုကွပ်ကဲအုပ်ချုပ်သည့်နေရာတွင် ဖြောင့်မတ်မှန်ကန်ပြီး ကျောသားရင်သားမခွဲခြားဘဲ အဂတိကင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ်ဦးဆောင်မှုပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်ကို ကာကွယ်ရန်ဆိုသည့် အခြေခံစိတ်ဓာတ်နှင့် တပ်မတော်ကို မိမိသဘောဆန္ဒအလျောက် ဝင်ရောက်လာခဲ့ကြသည့်သူများသည် ရှိပြီးအခြေခံစိတ်ဓာတ်ကို ပိုမိုကြံ့ခိုင်မာကျောအောင် စဉ်ဆက်မပြတ် တည်ဆောက်ကြရင်း တစ်ဖက်ကလည်း မိမိဦးဆောင်ရသည့်တပ်ကို တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားများပြည့်စုံအောင် လေ့ကျင့်စီမံဆောင်ရွက်နေရန်လိုအပ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရန် စွမ်းရည်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသည့် စစ်သည်များဖြစ်အောင် အဆင့်နှင့်လျော်ညီသည့် စစ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရမည် ဖြစ်သည့်အပြင် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည် သုံးရပ်ပြည့်စုံမှုဆိုသည့် တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်း(၅)ပါးနှင့် ပြည့်ဝနေအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

**တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာ(၁၂)ရပ်**

ထို့အပြင် ဒို့တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာ(၁၂)ရပ်ကို လိုက်နာစောင့်ထိန်းပြီး စွမ်းရည်သုံးရပ်ထက်မြက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တွင် မျိုးချစ်စိတ်ဓာတ်သည် အဓိကကျကြောင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူသည် စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားတတ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းဆင်းရဲခံနိုင်ခြင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်ခြင်း စသည့် အစဉ်အလာများကို အလွယ်တကူ သယ်ပိုးသွားနိုင်မည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်၏ အစဉ်အလာကောင်းများကို ကိုယ်တိုင်နှင့် လက်အောက်အကြပ်စစ်သည်များကိုပါ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း။

သင်တန်းကာလတွင် စစ်နည်းဗျူဟာ၊ ခေါင်းဆောင်မှု၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကွန်ပျူတာနှင့် အခြားဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားခဲ့ပြီးဖြစ်ကြောင်း၊ နည်းပညာတိုးတက်မှုမြန်ဆန်သည့် ယနေ့ခေတ်တွင် စစ်မှုဆိုင်ရာအတတ်ပညာနှင့် စစ်နည်းဗျူဟာများသည် သမားရိုးကျမဟုတ်ဘဲ တိုးတက်မြင့်မားလျက်ရှိကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့် အတတ်ပညာများနှင့် တင်းတိမ်ရောင့်ရဲမနေဘဲ ဆက်လက်လေ့လာသွားကြရန် လိုကြောင်း၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ကြုံတွေ့ရမည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် သင်ကြားထားသည့် သီအိုရီ (Theory)များကို အတွေ့အကြုံ ဗဟုသုတများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ မိမိထက် အတွေ့အကြုံရှိသည့် အရာရှိများထံမှလည်း လေ့လာဆည်းပူးကြရန် လိုအပ်ကြောင်း။

စာမျက်နှာ ၇ သို့ ❍

❍ စာမျက်နှာ ၆ မှ

တပ်မတော်သားများအနေဖြင့် တိုက်စွမ်းရည်ရှိပြီး အရည်အချင်းပြည့်ဝစေရန်အတွက် **“အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်”** ဆိုသည့် မြဲသုံးမြဲနှင့်လည်း ပြည့်စုံနေရန်လိုအပ်ကြောင်း၊ လေ့ကျင့်ရေးသည် တစ်ဦးချင်းလေ့ကျင့်ရေးနှင့် အဖွဲ့လိုက်လေ့ကျင့်ရေးဆိုပြီး အခြေခံအားဖြင့် နှစ်မျိုးရှိကြောင်း၊ ရက်သတ္တ ၃၆ ပတ်ကြာ တက်ရောက်ခဲ့သည့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)က တစ်ဦးချင်းနှင့် အဖွဲ့လိုက်အနေဖြင့်ပါ လိုက်ပါလုပ်ဆောင်တတ်စေရန် လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် **“အရေးအတွက်မှ အရည်အချင်းသို့”** ဆိုသည့် လေ့ကျင့်ရေး မူဝါဒနှင့်အညီ တစ်ဦးချင်းမှသည် တပ်မတော်တစ်ရပ်လုံး စွမ်းဆောင်ရည် မြင့်မားစေရန် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **“လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်”** ဆိုသည့် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း မိမိဦးဆောင်ရသည့် တပ်စု၊ တပ်ဖွဲ့များကို အမြဲလေ့ကျင့်နေရန် လိုအပ်ကြောင်း၊ ထို့ပြင် တပ်မတော်သားတစ်ယောက်ဖြစ်သည်နှင့် အညီ ပေးအပ်လာသည့်တာဝန်များကို အချိန်မရွေး၊ နေရာမရွေး ထမ်းဆောင်နိုင်ရမည် ဖြစ်၍ ကျန်းမာကြံ့ခိုင်မှုရှိအောင်၊ ကိုယ်ခံစွမ်းအားပြည့်ဝအောင် နေထိုင်ကြရမည် ဖြစ်ကြောင်း။

**စစ်စည်းကမ်းသည်**
**တပ်မတော်၏ကျောရိုးမဏ္ဍိုင်**

စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် ထုတ်ပြန်ထားသည့် တိုက်တွန်းချက်နှင့် တားမြစ်ချက်များကိုလည်း မိမိကိုယ်တိုင် သိရှိလိုက်နာကြရမည်ဖြစ်ပြီး မိမိကွပ်ကဲရသည့် တပ်ဖွဲ့ရှိ အကြပ်စစ်သည်များလည်း သိရှိလိုက်နာအောင် ကြပ်မတ်သွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းများကို တိကျစွာလိုက်နာသည့် သူသည် အမိန့်နာခံမှုလည်း ရှိလာမည်ဖြစ်ပြီး စိတ်ဓာတ်ကောင်းမွန်ပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူသည်လည်း စစ်စည်းကမ်းနှင့် အမိန့်များကို အလိုလိုလိုက်နာပြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းလာကြသည့် မြန်မာနိုင်ငံသားများ ဖြစ်ခြင်းကြောင့် နယ်ဘက်ဥပဒေများကို စောင့်ထိန်းရသည့်အပြင် တပ်မတော်သားဘဝကို ခံယူထားခြင်းကြောင့် စစ်ဘက်ဥပဒေများကိုလည်း အဓိကလိုက်နာရသူများဖြစ်ကြောင်း၊ ထို့ပြင် တန်းပြည့်စစ်မှုထမ်းဆောင်ချိန်တွင်လည်း နိုင်ငံတကာစစ်ပွဲဆိုင်ရာဥပဒေနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rule of Engagement–ROE)များကိုလည်း တိကျစွာလိုက်နာသွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းမွန်သည့် အဖွဲ့အစည်းသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်များကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စည်းကမ်းကောင်းပြီး အမိန့်နာခံမှုကောင်းသည့် ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားရမည်ဖြစ်ပြီး မိမိကွပ်ကဲရသည့် တပ်ဖွဲ့ကိုလည်း တပ်ဖွဲ့ကောင်းတစ်ရပ်ဖြစ်အောင် တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ၏နောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်းများစွာရှိကြောင်း၊ စစ်မှုရေးရာများနှင့်ပတ်သက်၍ ခေါင်းဆောင်မှုပေးရာတွင် ပြတ်သားသည့် ခေါင်းဆောင်မှုမျိုးဖြစ်ရန် လိုကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်အတွက်လည်း နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည် ဆိုသည့်အတိုင်း တပ်မတော်အပေါ်တွင် သစ္စာရှိပြီး တာဝန်ကျေပွန်သည့် နောက်လိုက်ကောင်းတစ်ဦး ဖြစ်အောင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးစားသင်ယူ လုပ်ဆောင်ကြရန်လိုကြောင်း။

**တိကျစွာလိုက်နာဆောင်ရွက်**

သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆိုသူများဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်အတွက် တာဝန်ထမ်းဆောင်ရာတွင် သစ္စာလေးချက်ကို စွဲမြဲမှတ်သားပြီး စာသားတစ်လုံးချင်းစီ၏ အဓိပ္ပာယ်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အတိတ်သမိုင်းကြောင်းတစ်လျှောက်မှ ယနေ့အထိ တိုင်းပြည်၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျရာအခန်းကဏ္ဍအလိုက် စွန့်လွှတ်စွန့်စားစွာဖြင့် အမှုထမ်းခဲ့ကြသည့် တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ တာဝန်ကျေပွန်မှုနှင့် သစ္စာစောင့်သိမှုများကို မိမိတို့တပ်မတော်သားများ နေ့စဉ်ရွတ်ဆိုသည့် သစ္စာအဓိဋ္ဌာန်လေးချက်နှင့်အညီ ဆက်လက်စောင့်ထိန်းလိုက်နာသွားရန်လိုကြောင်း။

တပ်ကို ကွပ်ကဲတည်ဆောက်ရာတွင် တပ်တည်ဆောက်ရေး လုပ်ငန်းကြီးလေးရပ်ဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထိရောက်သည့် လေ့ကျင့်ရေးက ကြံ့ခိုင်သန်စွမ်းမှုနှင့် ကျွမ်းကျင်မှုကို ရရှိစေပြီး ယုံကြည်မှုမြင့်မားကာ အောင်စိတ်ကို ရရှိစေသကဲ့သို့ ပေးအပ်သည့်အမိန့်နှင့် တာဝန်များကိုလည်း ကျေပွန်အောင် ထမ်းဆောင်နိုင်စွမ်းရှိစေမည် ဖြစ်ကြောင်း၊ ညီညွတ်မျှတမှန်ကန်သည့် အုပ်ချုပ်ရေးသည် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းများကို အဆင်ပြေချောမွေ့စေရုံသာမက အမှုအခင်းလျော့နည်းရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးတို့ကို ခိုင်မာစေမည် ဖြစ်ကြောင်း၊ ထို့ပြင် လူ့သဘောသဘာဝကိုသိရှိပြီး စစ်သည်မိသားစုများ၏ သက်သာချောင်ချိရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းသည် တပ်နေပျော်ပြီး စစ်တိုက်တော်လာစေမည် ဖြစ်ကြောင်း၊ ထို့သို့ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကို မှန်ကန်မျှတစွာ ဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များ၏ စိတ်ဓာတ်သည် ပိုမိုခိုင်မာအားကောင်းစေပြီး စစ်သည်တိုင်း တိုက်ပွဲဝင်လိုစိတ် အစဉ်အမြဲရှိနေမည်ပင် ဖြစ်ကြောင်း၊ တိုက်ပွဲဆိုသည်မှာ ရန်သူနှင့် မိမိတပ်များ၏ တိုက်ပွဲဝင်လိုစိတ်နှင့် အောင်ပွဲခံလိုစိတ်တို့ ယှဉ်ပြိုင်နေခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ ရဲ(၃)ရဲ၊ မြဲ(၃)မြဲတို့သည် စစ်ကဏ္ဍကြီး(၄)ရပ်လုံး၏ အောင်မြင်မှုသော့ချက်များ ဖြစ်ကြောင်း။

စိတ်ဓာတ်ကောင်းသည့် ခေါင်းဆောင်သည် မည်သည့်စည်းကမ်းနှင့် အမိန့်ကိုမဆို လိုက်နာနိုင်သူများ ဖြစ်ကြောင်း၊ တစ်ဦးချင်း စိတ်ဓာတ်ကောင်းအောင် လေ့ကျင့်နိုင်ပါက အဖွဲ့လိုက်လည်း ကောင်းလာမည်ဖြစ်ပြီး တိုက်စွမ်းရည်ကို ရရှိလာမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းမွန်စေရန်အတွက် တပ်မတော်၏ သမားစဉ်လုပ်ငန်းများကို သတ်မှတ်ချိန်များအတိုင်း မိမိကစ၍ လက်အောက်ငယ်သားများပါ လိုက်ပါဆောင်ရွက်အောင် အမြဲကွပ်ကဲကြပ်မတ်နေရမည် ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်မှု၊ အုပ်ချုပ်မှု၊ သက်သာချောင်ချိမှုနှင့် စိတ်ဓာတ်ခိုင်မာကောင်းမွန်မှုများဖြင့် တပ်ကိုတည်ဆောက်သွားရမည် ဖြစ်ကြောင်း။

**လေ့လာ၊ လေ့ကျင့်၊ လိုက်နာ**

တပ်တစ်တပ်၏ တိုက်စွမ်းရည် ထက်မြက်ရန်အတွက် စစ်သည်အဆင့်တန်းအားလုံး တစ်ဦးချင်းလေ့ကျင့်ရေးနှင့် အဖွဲ့လိုက် လေ့ကျင့်ရေးကိုပါ ပီပြင်အောင် ပြင်းပြင်းထန်ထန် လေ့ကျင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ ကိုယ်စီတာဝန်လေ့ကျင့်ရေး ကျွမ်းကျင်မှုမှသည် တပ်စိတ်၊ တပ်စု၊ တပ်ခွဲ နောက်ဆုံး တပ်မတော်ဆိုသည့် အဖွဲ့အစည်း၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ အောင်မြင်စွာ ထမ်းဆောင်နိုင်သည်အထိ စစ်ပညာရပ်များကို လေ့ကျင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ကြီးလေးသည့် တာဝန်များကိုထမ်းဆောင်ရာတွင် မိမိကိုပေးအပ်သည့် တာဝန်နှင့် ပတ်သက်ပြီး အစဉ်အလာကောင်းများ ရေးထိုးနိုင်ရန် ကြိုးစားရမည်၊ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရာတွင်လည်း မိမိလုပ်ဆောင်မှုကို ပေါ်လွင်ထင်ရှားအောင် လုပ်ပြနိုင်ရန် လိုအပ်သကဲ့သို့ လုပ်ထားမှန်းသိအောင်လည်း လိမ္မာပါးနပ်စွာတင်ပြတတ်ရမည်၊ တာဝန်ထမ်းဆောင်ရာတွင်လည်း လူတော်လူကောင်းဖြစ်ရန်နှင့် လူကောင်းလူတော်ဖြစ်ရန်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လူတော်ပြီး လူမကောင်းပါက ကာယကံရှင်နှင့် မိသားစုများပါ ပြဿနာမြောက်မြားစွာနှင့် ရှုပ်ထွေးမှုဖြစ်စေခြင်း၊ လူကောင်းပြီး လူမတော်ပြန်လျှင်လည်း ပေးအပ်သည့် ရည်မှန်းချက်များ အောင်မြင်စွာ အဆုံးသတ်စေမည့် ကိုယ်ပိုင်အရည်အချင်းနှင့် အရည်အသွေးပါ အားနည်းသည့်အတွက် ဘက်စုံတိုးတက်မှုအကောင်အထည် မဖော်နိုင်ခြင်းတို့ကို ဖြစ်ပေါ်စေသည့်အတွက် လူလည်းတော်၊ စိတ်ဓာတ်လည်းကောင်းမွန်သည့် ခေါင်းဆောင်ငယ်များဖြစ်အောင် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”**သွားကြရန် မှာကြားလိုကြောင်း။

**စည်းလုံးညီညွတ်ရန်လိုအပ်**

နိုင်ငံတော် ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံတွင်းတွင် နေထိုင်ကြသည့် ပြည်သူများအားလုံး၏ တာဝန်ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်သည်လည်း အဓိကတာဝန် အရှိဆုံးဖြစ်သည်ကို သိရှိထားရန်လိုကြောင်း၊ ထိုသို့ ကာကွယ်နိုင်ရန်အတွက်တပ်မတော်သားအားလုံးသည် စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း၊ မိမိတို့တပ်မတော်သားတိုင်းသည် ပြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးကိုတိကျစွာ လိုက်နာနိုင်မှသာ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး အောင်မြင်နိုင်မည်ဖြစ်ပြီး တိုက်စွမ်းရည်ကိုလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ စည်းရုံးရေးဆိုသည်မှာ မိမိဆောင်ရွက်လိုသည့် လုပ်ငန်းကို လက်အောက်မှ ၎င်းတို့၏ စိတ်ဆန္ဒအတိုင်း လိုက်ပါလုပ်ဆောင်စေခြင်းပင်ဖြစ်ကြောင်း၊ အရေးပေါ်မှထပြီး လုပ်ဆောင်ရသည့်လုပ်ငန်း မဟုတ်ဘဲ အချိန်နှင့်အမျှ လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ် ပီပီပြင်ပြင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့အချိန်တွင် ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားများသည် Media ကို လက်နက်

စာမျက်နှာ ၈ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်း အား ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

☆ **နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံတွင်းတွင် နေထိုင်ကြသည့် ပြည်သူများအားလုံး၏ တာဝန်ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်သည်လည်း အဓိကတာဝန်အရှိဆုံး ဖြစ်သည်ကို သိရှိထားရန်လို**

☆ **ထိုသို့ ကာကွယ်နိုင်ရန်အတွက် တပ်မတော်သားအားလုံးသည် စည်းလုံးညီညွတ်ရန်လိုအပ်**

☆ **မိမိတို့တပ်မတော်သားတိုင်းသည် ပြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးကို တိကျစွာလိုက်နာနိုင်မှသာ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးအောင်မြင်နိုင်မည်ဖြစ်ပြီး တိုက်စွမ်းရည်ကိုလည်း တိုးတက်မြင့်မားလာစေမည်**

❍ စာမျက်နှာ ၇ မှ

အဖြစ်အသုံးချပြီး တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျောက်သားကျောက်စိုင်ပမာ မယိမ်းမယိုင်ကျစ်လျစ်ခိုင်မာစွာနှင့် တပ်မတော်အပေါ် ထားရှိသည့် စိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက်များ ပျက်ပြားစေရန်နှင့် စွန့်လွှတ်စွန့်စားစွာဖြင့် ပြည်သူများ၏ ရှေ့မှတိုက်ပွဲဝင်နေသည့် အရာရှိ၊ စစ်သည်များ၏ တိုက်ပွဲဝင်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် တိုက်စွမ်းရည်များ ကျဆင်းစေရန်အတွက် နည်းလမ်းမျိုးစုံသုံးပြီး တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲစေရေးနှင့် တပ်မတော် အင်အားချည့်နဲ့စေရေးတို့ကို ဦးတည်လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**တပ်တွင်း စည်းလုံးညီညွတ်ရေး**

ထို့ကြောင့် တပ်တွင်းစည်းရုံးရေးကို ရေပက်မဝင် ကျစ်လျစ်ခိုင်မာစွာ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း တပ်ကိုတည်ဆောက်ရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးတို့ကိုလည်း စဉ်ဆက်မပြတ်ကြည့်ရှုပြီး စေတနာထား လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှု၊ ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ရှိမှသာ တပ်တွင်းစည်းလုံးညီညွတ်ရေးသည် ပိုမိုကျစ်လျစ်ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ထို့အပြင် တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးကို စောင့်ထိန်းလိုက်နာပြီး တာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ရပါကလည်း အချိန်မဆိုင်းဘဲ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုပါ စေတနာထားဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ညီနောင်မိတ်ဖက် အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအပါအဝင် လုံခြုံရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ပေါင်းစပ်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးခြင်းအားဖြင့် တပ်ပြင်စည်းရုံးရေးအားကောင်းအောင်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ထိရောက်စေမည့် မည်သည့်အပြုအမူ လုပ်ရပ်မျိုးကိုမဆို မိမိကိုယ်တိုင်နှင့် လက်အောက်ငယ်သားများကပါ လုံးဝမလုပ်မိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် အမြင်ကျယ်ကျယ် အလေးအနက်ထား ဆောင်ရွက်ရန်နှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း ထူးချွန်ဆုရ ဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ပြဿနာတစ်စုံတစ်ရာ ဖြစ်လာပါကလည်း အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပြီး စစ်ဘက်၊ နယ်ဘက် ဥပဒေအတိုင်း မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကို ကြည့်ပါက လူအင်အား၊ စီးပွားရေးအင်အား ကြီးမားသည့် နိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်ရှိနေခြင်းကြောင့် နိုင်ငံတော်၏ ကာကွယ်ရေးမဟာဗျူဟာကို ပြည်သူ့စစ်မဟာဗျူဟာအဖြစ် ဖော်ဆောင်ကျင့်သုံးလျက်ရှိကြောင်း၊ ပြည်သူလူထု၏ ယုံကြည်လေးစား အားကိုးမှုကို ရရှိစေရန်အတွက် တပ်မတော်သည် စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းနေရန် လိုအပ်ကြောင်း၊ ပြည်သူနှင့်တပ်မတော် တစ်သားတည်းဖြစ်မှသာ ပြည်သူ့စစ်မဟာဗျူဟာများကို အကောင်အထည်ဖော်နိုင်မည်ပင်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ မဲမသမာမှုများ၊ ဖြတ်လမ်းနည်းနှင့် နိုင်ငံ့အာဏာကိုရယူရန်ကြိုးပမ်းမှုများကြောင့် နိုင်ငံ့တာဝန်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ စတင်တာဝန်ယူ ထိန်းသိမ်းလျက်ယနေ့အချိန်တွင် ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်လျက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ရှေ့လုပ်ငန်းစဉ်နှင့်ဦးတည်ချက်များ အောင်မြင်စေရန်မှာ နိုင်ငံတော်အတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းခြင်းတို့သည် မရှိမဖြစ် အရေးကြီးသကဲ့သို့ လုံခြုံတည်ငြိမ်အေးချမ်းမှုလည်း နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံရေးတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်သကဲ့သို့ အန္တိမရည်မှန်းချက်ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းများ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ စတင်တာဝန်ယူစဉ်က နိုင်ငံတော်အတွင်း နေရာအနှံ့ ဆန္ဒပြမှု၊ အကြမ်းဖက်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များဖြင့် လျင်မြန်စွာထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီးနောက်ပိုင်း နယ်စပ်ဒေသများနှင့် လမ်းပန်းဆက်သွယ်မှု ဝေးလံပြီး အုပ်ချုပ်မှု အလှမ်းဝေးကွာသည့်နေရာများ၌ လက်နက်ကိုင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာမှုကို ကျေးရွာ၊ ရပ်ကွက်အလိုက်၊ နယ်မြေဒေသအလိုက် ဒေသခံပြည်သူများဆန္ဒဖြင့် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းလျက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ယနေ့အချိန်ထိ ရှင်းလင်းဆောင်ရွက်နေဆဲဖြစ်ကြောင်း။

ထိုသို့ မိမိနယ်မြေဒေသအလိုက် ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရာတွင် ဥပဒေနှင့်ညီညွတ်ပြီး စည်းစနစ်ပိုမိုကျနသည့် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၄ ရက်တွင် ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို မိမိနိုင်ငံ၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် လည်းကောင်း၊ ယနေ့ မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထားနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ဖြစ်ပျက်နေသည့် ပဋိပက္ခမြောက်မြားစွာ၏ အနေအထားပေါ်မူတည်၍ လည်းကောင်း ပြဋ္ဌာန်းပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၌ အတည်ပြု အာဏာတည်စေခြင်းဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်နှင့်တပ်မတော်အတွက် စွန့်လွှတ်စွန့်စားစွာဖြင့် တာဝန်ထမ်းဆောင်ရင်း အငြိမ်းစားယူခဲ့ပြီးဖြစ်သည့် စစ်မှုထမ်းဟောင်းများကလည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ အခြေအနေနှင့် အချိန်အခါအရ လိုအပ်လာပြီဖြစ်၍ ပြန်လည်အမှုထမ်းဆောင်ခွင့်ပြုရန် တောင်းဆိုမှုများ အများအပြားရရှိမှုပေါ် မူတည်လျက် အရန်တပ်ဖွဲ့ဥပဒေကိုလည်း ဖေဖော်ဝါရီ ၁၃ ရက်တွင် အာဏာတည်စေခဲ့ကြောင်း။

အဆိုပါ ဥပဒေများသည် မိမိနိုင်ငံတစ်ခုတည်းတွင်သာ တီထွင်ဖန်တီးထုတ်ပြန်ထားခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင်လည်း လိုအပ်ချက်အရ လိုအပ်သလိုဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေ၊ နည်းဥပဒေနှင့် တရားဝင်ထုတ်ပြန်ဆောင်ရွက်ခြင်းဖြစ်၍ ဥပဒေနှင့် နည်းဥပဒေပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့အတွက်တာဝန်ကျေသော နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်း ဥပဒေကိုလည်း ကျေညက်အောင်လေ့လာပြီး တာဝန်ကျရာ ဒေသအသီးသီးတွင် ရှိကြသည့် သတ်မှတ်ချက် အကျုံးဝင်သူပုဂ္ဂိုလ်များနှင့် ဆက်နွှယ်ကြသည့် မိသားစုဆွေမျိုးအသိုင်းအဝိုင်းပါ သိရှိနားလည်သဘောပေါက်အောင် စည်းရုံးပြောဆို အသိပေးရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့်ရေဒီယိုအစီအစဉ်များ အပါအဝင် သတင်းစာများမှတစ်ဆင့် အသိပေးအကြောင်းကြားနေသော်လည်း ဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးကြောင့် မလေ့လာမိ၊ မသိရှိပါက အကြမ်းဖက်အဖွဲ့အစည်းအသီးသီးနှင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးတို့၏ မမှန်မကန်လှုံ့ဆော်ဝါဒဖြန့်စည်းရုံးမှုအပေါ် ဥပဒေမဲ့လိုက်ပါလုပ်ဆောင်ခဲ့မိပါက မိမိကိုယ်ပိုင်ဘဝ၊ မိသားစုဘဝတို့သည်လည်း အကြောင်းမဲ့ တောထဲ၊ တောင်ထဲတွင် စတေးခံကြရမည့် အဖြစ်ဆိုးမှလည်း ကယ်တင်နိုင်မည်ဖြစ်၍ အသိနှင့်ယှဉ်ပြီး ပြောဆိုစည်းရုံးကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေတို့အား မသိနားမလည်သူများအပေါ် ဥပဒေနှင့်မညီသော ခြိမ်းခြောက်အကျပ်ကိုင်မှုမှတစ်ဆင့် ငွေကြေးနှင့်အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် အဖွဲ့အစည်းအချို့ပါ ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြရန် လိုကြောင်း။

မိမိနိုင်ငံသည် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် သူ့ကျွန်ဘဝကို ကျရောက်ခဲ့ပြီး အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့ အုပ်ချုပ်ခဲ့သည့်အချိန်မှစတင်ကာ တောင်တန်းနှင့်ပြည်မဒေသကို ဖွံ့ဖြိုးတိုးတက်မှုကွာခြားအောင် သွေးခွဲအုပ်ချုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် မညီညွတ်မှုများသည် သမိုင်းအမွေဆိုးအဖြစ် ယနေ့ခေတ်မျိုးဆက်သစ်လူငယ်များအထိ ကျန်ရှိနေပြီး တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်သောင်းကျန်းမှုများ မချုပ်ငြိမ်းနိုင်ဘဲ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခဲ့သဖြင့် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျကျန်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်မှုအပေါ် ဆောင်ရွက်သင့်သည်များ၊ ဆောင်ရွက်နေမှုများကို မှာကြားပြီးဖြစ်သကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးတို့ကို ဖွဲ့စည်းပြီး တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း အသိပေးလိုကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် သဘောတူလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနက်တွဲသည့်လက်မြဲ ခိုင်စေရန်၊ စိုသည့်လက်မခြောက်စေရန်၊ မူလကပင် သဘောထားအမြင်နှင့် စိတ်စေတနာပါ မှန်ကန်သည့် EAO များနှင့်လည်း ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း။

စာမျက်နှာ ၉ သို့ »»

☆ **ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေတို့အား မသိနားမလည်သူများအပေါ် ဥပဒေနှင့်မညီသော ခြိမ်းခြောက်အကျပ်ကိုင်မှုမှတစ်ဆင့် ငွေကြေးနှင့် အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် အဖွဲ့အစည်းအချို့ပါ ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြရန်လို**

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၇) သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၇)သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတက်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၈ မှ**

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် အမြဲတမ်းပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိပြီး လက်မှတ်ရေးထိုးရန် ကျန်သည့်အဖွဲ့များကိုလည်း NCA လမ်းကြောင်းအပါအဝင် လွှတ်တော်လမ်းကြောင်းမှတစ်ဆင့် မိမိတို့၏လိုလားချက်များကို တရားဝင်တောင်းဆိုခွင့်ရရှိရေးကိုလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် အပြန်အလှန်ပွင့်လင်းမြင်သာစွာ ဆွေးနွေးလျက်ရှိကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင်လည်း မိမိတို့ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်ပါအတိုင်း လိုက်ပါလုပ်ဆောင်ပြီး လက်အောက်ငယ်သားများကို မှန်ကန်သည့် ခေါင်းဆောင်မှုပေး၍ နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်သွားကြရန်၊ တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းပြီး သစ္စာ ၄ ချက်ကို အသက်နှင့်ထပ်တူ စောင့်ထိန်းသွားကြရန်၊ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးကို ပိုမိုကျစ်လျစ်ခိုင်မာပြီး ရေပက်မဝင်သည့် စည်းရုံးရေးကို တည်ဆောက်နိုင်ရေး စစ်သည်တော်ကျင့်ဝတ် ၆၀ ပါးနှင့်အညီ နေထိုင်လုပ်ဆောင်သွားကြရန်၊ **“အနာဂတ်၏စစ်ခေါင်းဆောင်”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသော ခေါင်းဆောင်များဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၇) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးဇော်ဝင်း၊ ကျောင်းဆင်းဗိုလ်လောင်းများ၊ ၎င်းတို့၏မိဘဆွေမျိုးများနှင့် နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်( ၁ မှ ၁၆ )အထိ လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇ မှ ၂၈) အထိလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂) အထိ လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈၃ မှ ယနေ့)အထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦး အထိ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် သီးနှံများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်၍ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ရာသီသီးနှံနှင့် မြေအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုများ၊ ကျောက်စိမ်းတစ်သျှူးငှက်ပျော(သီးမွှေး) စိုက်ပျိုးထားရှိမှုများ၊ မြေစိုက်ရေခံအဆောက်အအုံနှင့် လေလုံအအေးပေး အဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ မေထုန်မဲ့နည်းပညာဖြင့် နို့စားနွားနှင့် အသားတိုးနွားများ မွေးမြူထားရှိမှု၊ DYL မျိုးမြင့် ဝက်များမွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ခင်းကျင်းပြသထားသည့် ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်း၊ ခရမ်း စသည်များကို မျိုးကောင်းမျိုးသန့်များ အဖြစ် အဆင့်ဆင့် မျိုးစေ့ထုတ်လုပ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များနှင့်ပြင်ပသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဝေ ရောင်းချပေးနေမှုနှင့် တပ်ရင်းမှ ထွက်ရှိသော လား/မြင်းချေးနှင့် စံပြမွေးမြူရေးဇုန်မှ ထွက်ရှိသော ကြက်၊ ဝက်၊ နွားချေး ကုန်ကြမ်း ပစ္စည်းများအား အာဟာရတန်ဖိုးမြင့် သဘာဝမြေဆွေးအဖြစ် အသုံးပြုနိုင်ရန် စမ်းသပ် ထုတ်လုပ်နေမှုများနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မွေးမြူရေးခြံများအတွင်း ဥစားကြက်များမွေးမြူထားရှိမှုများကိုလည်းကောင်း၊ နွားမေထုန်မဲ့ သားစပ်ခြင်းပြုလုပ်ရန်အတွက် သားစပ်ကိရိယာများ ခင်းကျင်း ပြသထားရှိမှုကိုလည်းကောင်း၊ ဝက်မွေးမြူရေးခြံများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ၎င်းတပ်အတွက် ပထမဦးဆုံး မေထုန်မဲ့ သားစပ်ခြင်းနည်းပညာဖြင့် စမ်းသပ်ဝက်များ မွေးမြူထားရှိရာ အဆိုပါ မေထုန်မဲ့နည်းပညာဖြင့် သားစပ်ခြင်း ဆောင်ရွက်ရာတွင် ဝက်မကြီးတစ်ကောင်သည် ပျမ်းမျှအားဖြင့် ၁၂ ကောင်အထိ သားပေါက်နိုင်ကြောင်းနှင့် အဆိုပါခြံအတွင်း အသားတိုးဝက်များကိုလည်း မွေးမြူထားရှိကြောင်း သိရသည်။

- ☆ မေထုန်မဲ့နည်းဖြင့် သားစပ်နည်းသည် ဝက်မသုံးကောင်မှ ငါးကောင်အထိ ဆပွားသားစပ်နိုင်
- ☆ မေထုန်မဲ့သားစပ်ခြင်းဖြင့်ရရှိလာသော ဝက်သားပေါက်ငယ်များသည် ပိုမိုကျန်းမာ၍ ကြီးထွားနှုန်း ပိုမိုကောင်းမွန်ကြောင်းကို တွေ့ရှိရသဖြင့် မေထုန်မဲ့သားစပ်ခြင်းဖြင့် ရရှိသော ဝက်သားပေါက်များကို သက်တမ်းအလိုက် ဆက်လက်စောင့်ကြည့် သုတေသနပြုလုပ်ရန်လို

## မှာကြား

ဝက်မွေးမြူရေးနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က မှာကြားရာတွင် ဝက်မွေးမြူရေးတွင် သဘာဝအတိုင်း သားစပ်ခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ သဘာဝနည်းဖြင့် သားစပ်ခြင်းသည် တစ်ကြိမ်လျှင် ဝက်မတစ်ကောင်သာ မျိုးစပ်နိုင်သော်လည်း မေထုန်မဲ့နည်းဖြင့် သားစပ်နည်းသည် ဝက်မသုံးကောင်မှငါးကောင်အထိ ဆပွားသားစပ်နိုင်ကြောင်း၊ မေထုန်မဲ့သားစပ်ခြင်းဖြင့် ရရှိလာသော ဝက်သားပေါက်ငယ်များသည် ပိုမိုကျန်းမာ၍ ကြီးထွားနှုန်း ပိုမိုကောင်းမွန်ကြောင်းကို တွေ့ရှိရသဖြင့် မေထုန်မဲ့သားစပ်ခြင်းဖြင့် ရရှိသော ဝက်သားပေါက်များကို သက်တမ်းအလိုက် ဆက်လက်စောင့်ကြည့် သုတေသနပြုလုပ်ရန်လိုကြောင်း၊ အသားအတွက် မွေးမြူထားသော အသားတိုးဝက်နှင့်ပတ်သက်၍ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အသားများ ပိုမိုဖြန့်ဝေနိုင်ရေး လက်ရှိမွေးမြူထားသော အသားတိုးဝက် ၂၅၆ ကောင်အပြင် ထပ်မံတိုးချဲ့မွေးမြူသွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ပေါင်းစည်းလယ်ယာ (ဗထူးစမ်း)သို့ သွားရောက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ အကူအညီဖြင့် ရေကျော်တမံအသေး တည်ဆောက်လျက် လယ်မြေသစ်များဖော်ထုတ်၍ ၎င်းလယ်မြေသစ်များတွင် နွေစပါး၊ အာလူးနှင့် ပဲပုပ်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နွားမေထုန်မဲ့ သားစပ်ခြင်းပြုလုပ်ရန်အတွက် သားစပ်ကိရိယာများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ မွေးမြူရေးခြံများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၃

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သွားရောက် ကြည့်ရှုအားပေးစကားပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့သည် အဖွဲ့ဝင်များလိုက်ပါ၍ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား ဆေးရုံတပ်မှူးက ဆေးရုံအစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ အတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် အလှူငွေများကိုပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်နယ်ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံ ကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များမှ မိသားစုများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် အမျိုးသမီးနှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၂/၂၀၂၄ ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည် ဖြစ်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏**
**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၂ /၂၀၂၄)
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက် ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ကိုးဆယ့်ခြောက်သိန်းထက်မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ် ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင် ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးမှ လျှပ်စစ်သုံးယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခုကို ခွင့်ပြု

နေပြည်တော် မေ ၃

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် ၁၈ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခြောက်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၉၁၁ သန်းနှင့် ငွေကျပ် ၈၄၅၅၀၀



ဒသမ ၈၇၆ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၃၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ခရီးသွားကဏ္ဍတိုးမြှင့်စေမည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၄ ခုနှစ် မတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရှေးဦးပြုစုခြင်းအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် မေ ၃

နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ်အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အခြေခံမူများ၊ လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များဖြင့် နိုင်ငံအတွင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း၊ သွေးသန့်သွေးလှူရှင် စုဆောင်းခြင်းနှင့် သွေးလှူဒါန်းခြင်း၊ ကျန်းမာရေးမြှင့်တင်ပေးခြင်းနှင့်



ကိုယ်ခန္ဓာပြန်လည် သန်စွမ်းရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ၊ မိသားစုပြန်လည်ဆက်သွယ်ပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကြက်ခြေနီအသိပညာ ပြန့်ပွားခြင်းတို့ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။

ရှေးဦးပြုစုခြင်းအတတ်ပညာသည် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် နာမကျန်းဖြစ်သူများကို ဆေးရုံဆေးပေးခန်းမရောက်မီ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သောသူများထံမရောက်မီ လူနာကိုစနစ်တကျ ဆောလျင်စွာ၊ ချက်ချင်းရှေးဦးပြုစုပေးပြီး ရုပ်ပိုင်းဆိုင်ရာ ပြုစုပေးခြင်းအပြင် စိတ်ပိုင်းဆိုင်ရာကိုပါ ပြုစုဆောင်ရွက်ရသည့် အတတ်ပညာဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကပို့ချပေးသည့် ရှေးဦးပြုစုခြင်းအတတ်ပညာရပ်နှင့် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူလူထုကို ကြက်ခြေနီစေတနာ့လုပ်အားရှင်များအဖြစ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၃ ရက်မှ ၅ ရက်အထိ သင်တန်းသား သင်တန်းသူ ၆၀ အား စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်အတွင်း သောက်သုံးရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ကျိုင်းတုံ မေ ၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေ လိုအပ်လျက်ရှိသောဒေသများတွင် စိမ့်စမ်းရေ သွယ်ယူခြင်း လုပ်ငန်းများနှင့်



ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်း လုပ်ငန်းများကို သဘာဝရေအရင်းအမြစ်များအား အကျိုးရှိစွာအသုံးချ၍ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ဆာကျေးရွာ ၄/၂ မိုင် သောက်သုံးရေသွယ်တန်းခြင်း၊ ပါလိုင်၊ မခေါ၊ ဖွေဟိုင်းနှင့် မအန်ခန်ကျေးရွာများအတွက် သောက်သုံးရေရရှိရန် ဂါလန် ၂၀၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးကြောင်းသိရသည်။

**ကိုစိုင်း**

# ကျိုက်ထိုမြို့ပေါ်ရှိ ပြည်သူများအား သောက်သုံးရေ သွားရောက်လှူဒါန်း

ကျိုက်ထို မေ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့ပေါ်ရှိ ရေအခက်အခဲဖြစ်သည့် ပြည်သူများအား မြို့နယ်မီးသတ်တပ်ဖွဲ့က ယနေ့ နံနက်ပိုင်းတွင် သောက်သုံးရေများ လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**လှူဒါန်းပေး**

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေယံအောင်၏ ဦးဆောင်မှုဖြင့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ တောင်ပိုင်းရပ်ကွက်၊ တိုးချဲ့



ပိုင်းရှိ ရေအခက်အခဲဖြစ်သည့် ပြည်သူများအား ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ နေအိမ်အရောက် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၁၉ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်(အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မေ ၃

၂၀၁၉ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ခရစ်ကက်အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ရခိုင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံနှင့် ဦးသန့်စင်တို့က အမျိုးသား၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲများတွင် အကောင်းဆုံးအရိုက်အားကစားသမားဆု၊ အကောင်းဆုံးအပစ် အားကစားသမားဆုနှင့် အကောင်းဆုံးအားကစားဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံး ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးအပ်မြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဦးမင်းသိန်းဇံတို့က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ကျင်းပခဲ့**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

**လေ့ကျင့်ရေးကွင်းများ၌ ကျင်းပ**

၂၀၁၉ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ခရစ်ကက်အားကစားနည်းကို လူငယ်လူရွယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် ခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ မတ် ၂၅ ရက်မှ မေ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ စမ်းသပ်စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံနေကြာမျိုးများ ရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် စမ်းသပ်စိုက်ပျိုးခဲ့သည့် မြန်မာနေကြာမျိုးနှင့် ရုရှားနေကြာမျိုးများ ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် စမ်းသပ်စိုက်ပျိုးခဲ့သည့် မြန်မာနိုင်ငံမှ ရေဆင်းမျိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Norma ၊ Bravo ၊ Excellent စသည့် ဆီထွက်သီးနှံ နေကြာမျိုးများ ရိတ်သိမ်းနေမှုကိုလည်းကောင်း၊ အဆိုပါ စိုက်ပျိုးမြေများပေါ်တွင် ထပ်မံစိုက်ပျိုးမည့် နှမ်းစပါးမျိုးများ ပျိုးထောင်ထားရှိမှုနှင့် ထွန်ယက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စမ်းသပ်စိုက်ပျိုးခြင်းမှ ရရှိသည့်အဖြေများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်း၊ စမ်းသပ်စိုက်ပျိုးသည့် နေကြာမျိုးအလိုက် တစ်ဧကန်ကျစရိတ်၊ တစ်ဧကအထွက်နှုန်း၊ တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ပြီး ဆက်လက်စမ်းသပ်စိုက်ပျိုးသည့်အခါတွင် အားနည်းချက်များကို ပြုပြင်၍ ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် နေကြာများ ရိတ်သိမ်းပြီးပါက နှမ်းစပါးအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး ပျိုးထောင်ခြင်းနှင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် စိုက်ပျိုးမြေဧက ၁၇၀ ကျော်တွင် ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့်Myanmar Uni-Semi ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး ဒေသနှင့် ကိုက်ညီမည့် သီးနှံများစိုက်ပျိုးနိုင်ရေး စိုက်ပျိုးမြေများပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမြေများ ပြုပြင်ပြီးပါက စိုက်ပျိုးရေရရှိရေးနှင့် ဒေသနှင့်ကိုက်ညီသည့် ရာသီအလိုက်သီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်၏ ခန့်အပ်လွှာ လက်ခံ၊ အသိအမှတ်ပြု စာချွန်လွှာ ပေးအပ်

နေပြည်တော် ဧပြီ ၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဦးမြင့်ငွေး၏ ခန့်အပ်လွှာကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံ၍ ၎င်းအား အသိအမှတ်ပြု စာချွန်လွှာ ပြန်လည် ပေးအပ်သည်။

သတင်းစဉ်






# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အလှူအဖြစ် ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သော ကိုယ်စားလှယ်များသည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပထမဖောင်းရစ်တွင် ကပ်လှူပူဇော်ရန် လိုအပ်လျက်ရှိသည့် ရွှေစင်ရွှေပြား တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ရွှေစင်ရွှေပြား ခုနစ်ချပ်နှင့် နဝကမ္မ အလှူတော် ငွေကျပ် ခုနစ်သိန်း၊ လှူဒါန်းမှု စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၈၂၀၀၀၀၀ ကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဂေါပကအဖွဲ့ထံသို့ ယနေ့ သွားရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းမှုသည် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ၊ ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများမှ စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး ယခုလှူဒါန်းမှုသည် ဒုတိယ အကြိမ်မြောက်ဖြစ်ကာ ပထမအကြိမ်အဖြစ် ရွှေစင်ရွှေပြားသုံးချပ်၊ နဝကမ္မအလှူတော် ငွေကျပ် ၁၀၄၄၃၀၀၊ အမေရိကန်ဒေါ်လာ ၆၅၀၊ ယူရို ၁၀၅၀ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က လှူဒါန်းမှုများအတွက် ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တက်ဟုန်ပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများတွင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရန်နှင့် နှစ်ဖက်အကြား ဘုံအကျိုးစီးပွားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ တတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ လေ့လာရေးခရီး သွားရောက်

သန်လျင် ဧပြီ ၃

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တတိယနှစ်နှင့် စတုတ္ထနှစ်သင်တန်းများမှ ကျောင်းသား ကျောင်းသူ ၉၂ ဦးတို့သည် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း ဦးဆောင်၍ သင်တန်းရေးရာဌာနမှ ဌာနမှူးနှင့် မော်ကွန်းထိန်း၊ အထူးပြု ဘာသာရပ်ဌာနများမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) သို့ လေ့လာရေးခရီး ရောက်ရှိရာ အသင်းချုပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။



ယင်းနောက် လေ့လာရေးခရီး ရောက်ရှိလာသော ကျောင်းသား ကျောင်းသူများအား UMFCCI ၏ မင်္ဂလာခန်းမ၌ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက လေ့လာရေးခရီး လာရောက်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး အသင်းချုပ် ဥက္ကဋ္ဌနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ဖလှယ်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အသင်းချုပ် Highlight Video ပြသပြီး အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က “UMFCCI for Private Sector Development” ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားရာ ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ ယင်းနောက် အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လေ့လာရေးခရီး လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများက အသင်းချုပ်၏ဌာနများသို့ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဧပြီ ၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဧပြီ ၃

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၃**

လူရည်ချွန်မောင်မယ်များတွေ့ဆုံပွဲနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်၊ ဗိုလ်ချုပ်ဖြိုးသန့်၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဦးမင်းသူ၊ ဒေါက်တာမျိုးသန့်၊ ဦးဝင်းရှိန်၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာ မိုးဇော်ထွန်း၊ ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အကြီးအကဲက ဧပြီ ၂၆ ရက်တွင် တစ်နိုင်ငံလုံးမှ လူရည်ချွန်များအား တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ တွေ့ဆုံပွဲကို နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ခမ်းခမ်းနားနား ကျင်းပရန် စီစဉ်ထားပြီး ပြပွဲများ၊ ပြခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များကိုပါ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ပါကြောင်း။

လူငယ်ကဏ္ဍမြှင့်တင်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက တစိုက်မတ်မတ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး လူငယ်ရေးရာဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း လူငယ်ရေးရာ ကိစ္စရပ်များကို တက်တက်ကြွကြွဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် လူရည်ချွန်လူငယ်မောင်မယ်များတွေ့ဆုံပွဲ၌ ထည့်သွင်းပြသမည့် ပြခန်းများကို လူငယ်များနှင့်ကိုက် ညီပြီး လူငယ်များ စိတ်ဝင်စားနိုင်သည့် ကဏ္ဍများကို ထည့်သွင်းပြသစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက လူရည်ချွန် မောင်မယ်များအား ဗဟုသုတ ရရှိစေရန် ပြခန်းများပြသသွားမည်ဖြစ်ပါကြောင်း၊ ပြခန်းများအား လေ့လာကြည့်ရှုခြင်းဖြင့် အထင်ကရနေရာများကို တစ်နေရာတည်းတွင် အချိန်တိုဖြင့် လေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် နိုင်ငံ၏ တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူရည်ချွန် မောင်မယ်များ ဗဟုသုတများ ရရှိစေရေးအတွက် ပြခန်းများကို ဝန်ကြီးဌာန အသီးသီးက ပါဝင် ပြသစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လူရည်ချွန်မောင်မယ်များအား ပြခန်းများပြသရာတွင် အသိပညာ ဗဟုသုတဖြစ်ဖွယ် ရှုထောင့်၊ နည်းပညာပိုင်းဆိုင်ရာ ရှုထောင့် စသည့် အချက်များကို ထည့်သွင်းစဉ်းစား၍ ပြသရမည်ဖြစ်ပါကြောင်း၊ လူရည်ချွန် မောင်မယ်များလေ့လာကြည့်ရှုချိန်ရအောင် စီစဉ်ပေးရမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ငယ်စဉ်က လူရည်ချွန် ဖြစ်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်နေသော ဆရာကြီး၊ ဆရာမကြီးများ၏ ငယ်ဘဝမှတ်တမ်းများကိုလည်း လေ့လာကြည့်ရှုခြင်းဖြင့် လက်ရှိ လူရည်ချွန်များက အားကျအတုယူလိုစိတ် ဖြစ်ပေါ်လာအောင်၊ ကြိုးစားလိုစိတ်များ ပေါ်ပေါက်လာအောင် ရည်ရွယ်ချက်ဖြင့် ထည့်သွင်းပြသသွားမည်ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ ဗဟုသုတရရှိရန် ပြခန်းများလည်း စီစဉ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးစဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူရည်ချွန်တစ်ယောက်ဖြစ်ရန် မလွယ်ကူပါကြောင်း၊ ဝန်ကြီးဌာနများတွင် ငယ်စဉ်က လူရည်ချွန်ရရှိခဲ့သည့် ဝန်ထမ်းများကိုပါ ထည့်သွင်းဖော်ပြသင့်သည်ဟု အကြံပြုလိုပါကြောင်း၊ လက်ရှိအစိုးရအနေဖြင့် လူရည်ချွန်များကို တန်ဖိုးထားသည်ကို လူငယ်များနှင့် ပြည်သူများ သိရှိအောင် ပြသစေလိုသည့် ရည်ရွယ်ချက်လည်း ဖြစ်ပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို လူရည်ချွန်မောင်မယ်များ သိရှိစေရေးအတွက် ပြခန်းထည့်သွင်း ပြသသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူငယ်များ အထွေထွေဗဟုသုတ ရရှိစေရန် ဉာဏ်စမ်းပဟေဠိ အစီအစဉ်များကိုလည်း ထည့်သွင်းပြသသွားမည် ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ ဗဟုသုတများရရှိအောင်၊ ငြိမ်းချမ်းရေး၏အနှစ်သာရကို သဘောပေါက်နားလည်အောင် စသဖြင့် ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်လူမွန်၊ ဗိုလ်ချုပ်ဖြိုးသန့်၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဦးမင်းသူ၊ ဒေါက်တာမျိုးသန့်၊ ဦးဝင်းရှိန်၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာ မိုးဇော်ထွန်း၊ ဦးဇော်အေးမောင်တို့က နိုင်ငံတော်၏သမိုင်းဖြစ်စဉ်များ၊ မော်ကွန်းမှတ်တမ်းများ၊ လွတ်လပ်ရေးကြေညာ စာတမ်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဆိုင်ရာမှတ်တမ်း ဓာတ်ပုံများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖော်ဆောင်မှုပြကွက်များ၊ မြန်မာလူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များနှင့် ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်းများမှ ငယ်စဉ်က လူရည်ချွန်ဖြစ်ခဲ့သူများကို စုစည်းပြီး ငယ်ဘဝမှတ်တမ်းများပြသနိုင်ရေး၊ မဟာသင်္ကြန်ကာလအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ လူရည်ချွန်တွေ့ဆုံပွဲတွင် ဖိုရမ်ကျင်းပနိုင်ရေး၊ လူရည်ချွန် မောင်မယ်များ တွေ့ဆုံပွဲ ဖျော်ဖြေရေးကဏ္ဍတွင် တေးသရုပ်ဖော်နှင့် တေးသီချင်းများ ဆောင်ရွက်ထားရှိမှု၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများ၊ သစ်တောသစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ရမည့်အသိပညာ ရရှိရေးဆိုင်ရာများ ထည့်သွင်းပြသနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေ ဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီးဒေါက်တာ သက်ခိုင်ဝင်း ဆွေးနွေးစဉ်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်းအစီအစဉ် Knowledge Sharing Program အရ **"အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ (International Human Rights Treaties And Domestic Laws)"** ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ယခု ဆွေးနွေးမည့် ခေါင်းစဉ်သည် လူ့အခွင့်အရေးကို မြှင့်တင်ပညာပေးမှုနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် အထောက်အပံ့ဖြစ်စေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ၏ ဆက်နွှယ်ဖြစ်ပေါ်မှုကို သိရှိထားရန် အရေးကြီးပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီးသည် မျက်မှောက်ခေတ်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီးများ၏ မြစ်ဖျားခံရာဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာကာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ယင်းနှစ်မှာပင် ပါဝင်အတည်ပြုပေးခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ယင်းကြေညာစာတမ်းပါ အခွင့်အရေးများကို နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက်ပိုင်းတွင် စည်းနှောင်အားရှိသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီးများ ရေးဆွဲခဲ့ကြရာ ယခုအခါ အဓိကကျသော စာချုပ်ကြီး(၉)ရပ် ရှိလာပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အဓိကစာချုပ်ကြီး(၄)ခုနှင့် နောက်ဆက်တွဲစာချုပ်(၂)ခုတို့တွင် ပါဝင်ထားကြောင်း၊ လိုက်လျောညီထွေသည့် ပြည်တွင်းဥပဒေများကိုလည်း ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များကို ပါဝင်အတည်ပြုရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်လုံခြုံရေး၊ ပကတိအခြေအနေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ စသည်များကို နိုင်ငံတော်အနေဖြင့် ထည့်သွင်းသုံးသပ်ဆောင်ရွက်ရကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များအပိုင်းသာမက ပြည်တွင်းဥပဒေများတွင်ပါ အခွင့်အရေးနှင့် နစ်နာမှုများကို ကုစားသည့်နည်းလမ်းများ ပါဝင်လေ့ရှိကြောင်း၊ ယနေ့ပြုလုပ်သည့် အသိပညာပေးဆွေးနွေးပွဲသည် အဆိုပါဗဟုသုတများသာမက ကော်မရှင်အနေဖြင့် ဆောင်ရွက်သွားသင့်သည့် အစီအမံများအတွက် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ဒေါက်တာမြင့်သူမြိုင်တို့က **"အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ (International Human Rights Treaties And Domestic Laws)"** ခေါင်းစဉ်ဖြင့်ဆွေးနွေးပြောကြားရာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များပါ အထွေထွေပြဋ္ဌာန်းချက်များ၊ နစ်နာဆုံးရှုံးမှုများအတွက် ကုစားနိုင်သော ဖော်ပြချက်များ၊ ပြည်တွင်းဥပဒေများတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ ကုစားခွင့်ပေးထားပုံများ၊ တရားမျှတမှုနှင့် သာတူညီမျှမှုကိုဦးတည်ဆောင်ရွက်ချက်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ခွင့်၊ ကုစားခွင့်ပေးထားပုံများ၊ အခြားသော ပြည်တွင်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်၊ ကုစားမှုပေးထားပုံများကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ဒေါက်တာမြင့်သူမြိုင်တို့က ပြန်လည်ဖြေကြားသည်။

ဆွေးနွေးဟောပြောပွဲသို့ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဖြည့်စွက်ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဖြည့်စွက်ဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရတနာသိဃ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် အရာထမ်း ၉၅ ဦး၊ အမှုထမ်း ၄၀၇ ဦး စုစုပေါင်း ၅၀၂ ဦး တက်ရောက်ကြပြီး ပါမောက္ခချုပ် ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပါမောက္ခ(ပညာဌာနမှူး) ဒေါက်တာ ပွင့်ဖြူသန့်က ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်ရမည့်သူများ၊ ပါမောက္ခ(ပညာဌာနမှူး) ဒေါ်ဝင်းစန္ဒာဦးက အခြေအနေအရ လျှော့ပေါ့ခံစားနိုင်ရန် ခွင့်ပြုထားသည့် ခွင့်ပြုချက်များ၊ အခြေအနေ အချိန်အခါကို လိုက်၍ လိုအပ်လျှင်လိုအပ်သလို လျှော့ပေါ့ခွင့်ပြုပေးနိုင်သည့် အခြေအနေများ၊ ဒုတိယရဲမှူးကြီး မြင့်သိန်းက ပြည်သူ့စစ်မှုထမ်းဥပဒေသည် ပြည်သူအားလုံးပါဝင်၍ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံ တည်ရှိရမည်ဟူသော ရည်ရွယ်ချက်နှင့်အညီ ရေးရည်စီမံကိန်းရေးဆွဲခဲ့သည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီသင်တန်း အခမ်းဖွင့်လှစ်

တောင်ငူ မေ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံပန်းချီ အခမ်းသင်တန်းကို မေ ၁ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှု အားပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များက ပြည်သူ့စာကြည့်တိုက်၊ ပြတိုက်ငယ်နှင့် ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုလေ့လာသည်။

အဆိုပါသင်တန်းတွင် ရန်ကုန် ဗဟိုပန်းချီပန်းပု အစည်းအရုံး နာယက (တောင်ငူမြို့နယ် ပန်းချီပန်းပု အစည်းအရုံးနာယက) ပန်းချီဆရာ စိုးမြင့်လေး(တောင်ငူ) က အခြေခံ ပန်းချီရေးဆွဲနည်းကို မေ ၁ ရက်မှ ၉ ရက်အထိ အခမဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၉ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**



**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် မေ ၃

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။ **မိုး/ဇလ**

# ပဲယဉ်းသီးနှံစိုက်ဧကအားလုံးရိတ်သိမ်းပြီးစီး၍ အကျိုးအမြတ်ရရှိ

ကျောက်ဆည် မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးလျက်ရှိရာ မြစ်သားမြို့နယ်တွင် ပဲယဉ်းသီးနှံကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲယဉ်းစိုက်ဧက ၅၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



### အများဆုံးစိုက်ပျိုး

ပဲယဉ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် ပဲယဉ်းသေးမျိုးကို အများဆုံးစိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၀-၁၅ တင်းအထိထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၄၈၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧက ထွက်ရှိမှု ၁၀ တင်းနှုန်းဖြင့် တွက်ချက်ပါက ငွေကျပ် ၃၈၀၀၀၀ ရရှိရာ ကုန်ကျစရိတ်သက်သာ အထွက်နှုန်းကောင်းမွန်ပြီး အကျိုးအမြတ်ရရှိသော ပဲယဉ်းသီးနှံကို တောင်သူများ အများဆုံးစိုက်ပျိုးသင့်ကြောင်း သိရသည်။



# မိုးနှောင်းချည်မျှင်ရှည်ဝါများ ရိတ်သိမ်းပြီးစီး

ကျောက်ဆည် မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဝါသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျောက်ဆည်မြို့နယ်တွင် ၁၀၇၆၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၇၈၉၇ ဧက၊ မြစ်သားမြို့နယ်တွင် ၄၃၅၄ ဧက စုစုပေါင်း ၂၃၀၁၈ ဧကစိုက်ပျိုးထားရှိပြီး လက်ရှိအချိန်တွင် ဧက ၄၃၀၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ချည်မျှင်ရှည်ဝါပိဿာ ၇၀၀-၈၅၀ ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခုလက်ရှိပေါက်ဈေး ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့်လည်းကောင်း၊ ဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့်လည်းကောင်း၊ ဝါစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မန္တလေးမြို့ စက်မှုဇုန်များ၊ ပြည်တွင်းရှိ ချည်မျှင်စက်ရုံများနှင့် ရက်ကန်းစက်ရုံများမှ ဝါဂွမ်းများကို လာရောက်ဝယ်ယူကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် အထွက်နှုန်းပိဿာ ၇၀၀ ဖြင့် တွက်ချက်ပါက ငွေကျပ် ၁၈၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း ဝါသီးနှံစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

# ကျောက်ဆည်ခရိုင်တွင် ဆောင်းပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိ

ကျောက်ဆည် မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပြီး ပဲမျိုးစုံသီးနှံ တစ်မျိုးဖြစ်သည့် ပဲတီစိမ်းသီးနှံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှု အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းပဲတီစိမ်းသီးနှံကို ကျောက်ဆည်မြို့နယ်တွင် ၂၂၇၅ ဧက၊ မြစ်သားမြို့နယ်တွင် ၁၁၈၁ ဧက စုစုပေါင်း ၃၄၅၆ ဧက စိုက်ပျိုးထားရှိပြီး မတ်လတတိယပတ်တွင် ဧက ၁၁၄၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်းသီးနှံ စိုက်ပျိုးရာတွင် ကျောက်စိမ်းမျိုး၊ ရေဆင်း-၁ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၂-၁၃ တင်းထွက်ရှိပြီး ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် အထွက်တင်း ၁၃ တင်းနှုန်းဖြင့် တွက်ချက်ပါက ငွေကျပ် ၂၈၅၀၀၀ ရရှိ၍ ပဲတီစိမ်းသီးနှံ စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

# ပဲကြီးသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းပြီးစီး

ကျောက်ဆည် မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲကြီးသီးနှံကို စိုက်ပျိုးကြကြောင်း ခရိုင်အတွင်း ပဲကြီးစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၁၉၅ ဧက၊ မြစ်သားမြို့နယ်တွင် ဧက ၂၄၀ စုစုပေါင်း ၁၄၃၅ ဧက စိုက်ပျိုးထားရှိပြီး မတ်လတတိယပတ်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

### အကျိုးအမြတ်ရရှိ

ပဲကြီးသီးနှံစိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၃ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ် ပဲကြီးပေါ်ချိန်တွင် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၇၁၅၀၀ ဖြင့် ရောင်းဝယ်ခဲ့ပြီး ယခုလက်ရှိအချိန်တွင် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၃၈၄၀၀၀ ခန့်ရရှိကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း မေ ၃

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)နှင့် ငါးပါကင်တို့ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ်လ ကုန်သွယ်မှုလျာထားချက်မှာ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅၀ သန်းဖြစ်ပြီး မတ် ၃၁ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ဒေါ်လာ ၃၆ ဒသမ ၀၆၃ သန်းဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ၁၄၇ ဒသမ ၁၉၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မတ် ၃၁ ရက်မှ မေ ၁ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် ၁၈၀၂ ဒသမ ၂၈၈ တန်၊ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် ၁၄၉၈ ဒသမ ဝ၆၂ တန်နှင့် အခြားပစ္စည်းအုပ်စုတွင် ၁၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**၃- ၄ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၅၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၄၅၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၄၀၀ | ၁၁၅၀၀ | ၈၆၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၂၀၀ | ၇၁၀၀ | ၃၄၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၅၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၇၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

## ကချင်ပြည်နယ် ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ်အတွင်းသို့ နယ်မြေအခြေအနေအရ ယာယီတိမ်းရှောင်လာသော အိမ်ထောင်စုများအား တတိယအကြိမ် သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့

မြစ်ကြီးနား မေ ၃

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း လတ်တလောနယ်မြေ အခြေအနေအရ ဝိုင်းမော်မြို့နှင့် မိုင်းနားကျေးရွာ၊ နောင်ချိန်းကျေးရွာတို့ရှိ ဘာသာရေးကျောင်းများ၊ နီးစပ်ရာဆွေမျိုးနေအိမ်များတွင် ယာယီတိမ်းရှောင်လာခဲ့ကြသော အိမ်ထောင်စုများအား မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဆမားခန်းမ၌ တတိယအကြိမ်အဖြစ် သွားရောက်တွေ့ဆုံအားပေးထောက်ပံ့သည်။



ထောက်ပံ့ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က လတ်တလောနယ်မြေအခြေအနေအရ နေရပ်ကျေးရွာများကို စွန့်ခွာပြီး တိမ်းရှောင်လာကြသည့် မိသားစုများအား စိတ်ဓာတ်ခွန်အားရရှိစေရေးနှင့် နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ ယခုလို တတ်အားသရွေ့ လာရောက် ထောက်ပံ့ပေးခြင်း

ထိုသို့ တွေ့ဆုံအားပေး ဖြစ်ပါကြောင်း၊ ထို့အပြင် လိုအပ်ချက်များကို ကူညီဖြေရှင်းပေးနိုင်ရေးနှင့် အခက်အခဲများ ရင်ဆိုင်ရာတွင်လည်း မိမိတို့အစိုးရအဖွဲ့နှင့်အတူတကွ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဝိုင်းမော်မြို့နယ်အတွင်းရှိ အောင်မြင်(၁)၊ ရွှေညောင်ပင်၊ ဒဘတ်ယန်၊ စန်းကား၊ နန်ဆန်ယန်၊ မုတ်လွဲ၊ ဝူယန် ကျေးရွာတို့မှ လာရောက်တိမ်းရှောင်ခိုလှုံလျက်ရှိကြသော အိမ်ထောင်စု ၆၂ စု၊ လူဦးရေ ၂၄၇ ဦးတို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်းငွေကျပ် ၂၁၉၃၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၆ အိတ်၊ ခေါက်ဆွဲခြောက် ၆၂ ဖာနှင့် ကြက်ဥအလုံး ၃၁၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**အခက်အခဲများ တင်ပြ**

ထို့နောက် ယာယီတိမ်းရှောင်လာသော ပြည်သူများက လတ်တလော နေထိုင်စားသောက်ရာတွင် လိုအပ်ချက်များ၊ သားငယ်/ သမီးငယ်များအတွက် လိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “လှိုင်သာယာပါးပါး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ရေတိမ်ကျေးရွာနေ ဝိုင်းချစ်အားည၇ နာရီ ၄၅ မိနစ်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



လားရှိုးမြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းသစ်နှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုများကို မေ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံးဝန်းအတွင်း၌ ပြုလုပ်ခဲ့ပြီး လားရှိုးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြစဉ်။

စိုင်းထွန်း (လားရှိုး)

## နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ် အရွယ် လူငယ်တစ်ဦးကို စစ်မှုထမ်းရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၃

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ် အရွယ် မောင်ဖိုးချစ်ကို စစ်မှုထမ်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လာရောက်ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၏ အခန်း(၁)၊ ပုဒ်မ ၂(ခ)တွင်လည်း စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူဆိုသည်မှာ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်းဟူ၍ ပြဋ္ဌာန်းထားသည့်အတွက် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ်အရွယ် မောင်ဖိုးချစ်ကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးသည်ဟု ဖော်ပြနေခြင်းမှာ ကောလာဟလ သတင်းမှားသာဖြစ်ကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့်နေ့မှစပြီး တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ကောလာဟလသတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်စေရန်အတွက် ဝါဒဖြန့် လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ https://mod.gov.mm/node/74 တွင် ဝင်ရောက်လေ့လာနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၃၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉-ဦးစီလောင်၊ မြေကွက်အမှတ်- ၁/ဂ၊ ဧရိယာ (၁.၄၆၄)ဧကရှိ B-လ/န-၃၉ ရပြီးမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဆေးဝါးစက်ရုံလမ်းဟုခေါ်တွင်သည့် မြေကွက် လွတ်သက်သက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်စောရင်နု [၁၃/မရတ(နိုင်)၀၀၃၉၂၁]ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာရသူ ဒေါ်ကေခိုင်ရွှေ [၁၂/စခန(နိုင်)၀၀၇၇၅၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး ငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ် ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည် ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၆၀၆၀၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၆ ဘီဘီ၊ မြေကွက်အမှတ်- ပဉ္စမတန်းစား- ၁၂၄၊ ဧရိယာ (၀.၀၂၉)ဧကနှင့် မြေကွက်အမှတ်- ပဉ္စမတန်းစား- ၁၂၅၊ ဧရိယာ (၀.၀၂၉)ဧက၊ မြေကွက် (၂) ကွက်ပေါင်း အကျယ်အဝန်း (၅၀ပေx၅၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက် ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် (၁၁/၁၃) ဟုခေါ်တွင်သော နေအိမ်နှင့်တကွ လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးဇော်သိန်း [၁၂/ပဘတ(နိုင်)၀၂၄၈၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်း ရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများ အား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသူရအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်း၊ (၁၀)ရပ်ကွက်၊ အမှတ်(၄၃/ခ)၊ ၂/ဘီ၊ ၃-လွှာ၊ အခန်းအမှတ် (3/B)၊ PAN MALIKHA RESIDENT၊ အကျယ်အဝန်း (၁၆၃၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူများဖြစ်ကြသော ဦးထွန်းထွန်း [၉/ မခန(နိုင်)၁၈၁၆၈၈]နှင့် ဦးစိုးရည် [၁၂/ဒလန(နိုင်)၀၃၉၄၃၅]ကိုင်ဆောင်သူတို့မှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုင်းမြတ်ဖြိုးလှိုင် [၁၂/အလန(နိုင်)၀၄၁၅၄၄]မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ သည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက် အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်း အဝယ် အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၀၆၀၆)**
**အမှတ် (၄၅)၊ အောင်မေတ္တာလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၅၀၁၂၂၅၊ ၀၉-၇၇၅၃၇၄၅၃၈**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက် အမှတ်(၅၃၅)၊ ဒေါ်မိုးမိုးငြိမ်းအမည်ပေါက် မြေအကျယ် ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၅၃၄)နှင့် ကပ်လျက်အခြမ်း (ဂရန် မူရင်း)၊ မြေအကျယ်ပေ (၂၀x၆၀)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ဒေါ်မိုးမိုးအေး[၁၂/မရက(နိုင်)၀၀၅၀၃၅]မှ အရပ်ကတိစာချုပ် များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဂရန်မူရင်းနှင့် အထူး ကိုယ်စားလှယ်လွှဲစာတို့သည် စစ်မှန်ပါကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးကျော်ဇင်ထွန်း[၅/မမန(နိုင်)၀၆၆၆၀၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅/၂၀-၇-၁၉၉၈)**
**ရုံး(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅/မြို့မ အရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်ခင်အေးမြင့် မှတ်ပုံတင်အမှတ် [၉/ဝတန(နိုင်)၀၀၃၈၉၅] အဖအမည် ဦးကျော်ဖေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၁၂၀၈)ကို နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်- ၆၀၄/၂၀၁၈ (၂၄-၅-၂၀၁၈)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေသူဇာဝင်း မှတ်ပုံတင်အမှတ် [၁/မမန(နိုင်)၀၈၉၈၃၂] အဖအမည် ဦးဝင်း နိုင်ထွေးမှ ဒေါ်ခင်ခင်ဝင်း (ဘ) ဦးချစ်ဝင်း မှတ်ပုံတင်အမှတ် [၁/ဗမန(နိုင်) ၀၀၆၄၄၇] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရား လမ်း၊အုတ်ဖိုစုရပ်ကွက်၊ အမှတ်(၁၀၉)နေ ယာယား(ခ)ဦးသန်းလွင် [၁၂/ကတတ(နိုင်)၀၀၄၉၂၄]၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ကျိုက်ဗောခိမြောက်ကွက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ (၁.၉၅၄)ဧကရှိ မြေကွက် နှင့်ပတ်သက်၍ (၁၄-၈-၂၀၁၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၀) အား ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ အမှတ်(၁၀၉)နေ ယာယား(ခ)ဦးသန်းလွင် [၁၂/ကတတ(နိုင်)၀၀၄၉၂၄]မှ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဂန္ဓမာ(၇)လမ်း၊ ဘိုလိန်းအောင်မင်္ဂလာရပ်ကွက်၊ အမှတ်(၁)နေ ဒေါ်သူဇာ [၁၂/မဂတ(နိုင်)၀၇၂၅၈၈]သို့ သန်လျင်မြို့နယ်မှတ်ပုံတင် စာချုပ်စာတမ်းရုံး၌ လွှဲပေးခဲ့ပါသည်။ ၎င်းအထူး ကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ LL.B, D.B.L, D.I.L, IDCS**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း- ၀၉-၄၂၀၀၉၉၆၅၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့် (၉)လမ်း၊ အမှတ် (၁၆)ဟုခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ် တည်ရှိရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၄-ဘီ၊ မြေကွက် အမှတ်- ၃၆၇၊ ဧရိယာ (၁၂၅၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းကြွယ် [၁၂/မဂတ(နိုင်)၀၅၂၂၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ကတိစာချုပ်ပြုလုပ် ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံ တစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုခိုင် [၁၂/သလန(နိုင်)၀၀၈၆၄၈]သည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ အမှတ်(၁၂) မြေကွက်ပေါ်ရှိ (၃)ထပ်တိုက်၏ မြေညီထပ် (၁၈x၅၀)ပေရှိ ရေနှင့်မီတာ၊ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ခင်ဆွေသက် [၁၂/အလန(နိုင်) ၀၀၇၀၈၀]ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထ မြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နိုင်နိုင်ဝင်း(LL.B)** | **ဒေါ်ခင်နွဲ့ဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၅၀၅)** | **(စဉ်-၄၅၃၃၅)** |

**အမှတ်-၃၀၇၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၂၆၇၇၇၉၃၊ ၀၉-၇၉၅၆၇၉၉၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်- ၃၅၀၊ သုခလမ်း၊ ၃၉(A)-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ၃၉(A)၊ မြေကွက်အမှတ်- ၃၅၀၊ ဧရိယာ (၄၀x၆၀) ပေရှိ ပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးခင်မောင်ဝင်း (PGU-၁၉၄၈၀၂) အမည်ဖြင့် မှတ်သား တည်ရှိပြီး အဆိုပါမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် (၂၀x၆၀)ပေရှိ (ခေါင်းရင်းခြမ်း)မြေနှင့်အိမ်ကို ဒေါ်တင်တင်နိုင် [၁၁/ကတန(နိုင်)၀၆၆၁၂၁]မှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၊ နီလာ(၂)လမ်း၊ မြေကွက်အမှတ်- ၆၃၅၊ ဒေါ်ခင်ဖုန်းမြင့် [၁၄/မမန(နိုင်)၀၂၁၆၆၅] အမည်ပေါက်နှစ်(၆၀)ဂရန်မြေ၊ အကျယ် (၄၀ပေx ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၆၃၄)နှင့်ကပ်လျက် အကျယ် (၂၈ပေX ၆၀ပေ)ရှိသောမြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ တစ်ထပ်တိုက်နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက် များဖြင့် ဝယ်ယူ၊ နေထိုင်၊ လက်ရောက်ပိုင်ဆိုင်ကြောင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ် လွှဲစာအမှတ်- ၉၈/၂၀၀၈(၂-၁-၂၀၀၈)ကို ရယူထားအကြောင်း၊ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မိုးမိုး (ဘ) ဦးခင်မောင်လွင် [၆/ထဝန(နိုင်)၀၄၀၂၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၈)**
**ဖုန်း- ၀၉-၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅။ အမှတ်- ၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉- ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၃၉၂/က)၊ ဇွဲကပင်လမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၂၇၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေဌာနတွင် ဒေါ်အေးအေးဇင်[၁၁/မအန(နိုင်)၀၂၉၆၈၂]အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ် အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သဇ္ဇာလီဝင်း [၇/ကကန(နိုင်)၁၀၃၃၀၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဇ္ဇာလီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

**အားကစား မြင့်တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ (၅)လမ်း၊ အမှတ် (၁၅/ခ)မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ ၆-လွှာ၊ အကျယ်အဝန်း (၁၉'x၅၅')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးမာ[၁၂/ကမတ(နိုင်) ၀၂၄၇၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးညဏ်ဝင်းလှိုင် [၁၂/သဃက (နိုင်)၁၈၂၄၂၃]၊ ဦးအောင်ဖြိုးမြင့် [၁၂/သဃက(နိုင်)၁၈၂၄၂၂]တို့က ဝယ်ယူရန် အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၇၁၁၄၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၆)လမ်း အပေါ်ဘလောက်၊ အမှတ် (၁၅၂) နေ ဦးမောင်မြင့် (ခ) မုဟမ္မဒ်ဟာရှင် (ကွယ်လွန်) နှင့် ဒေါ်စိုးစိုး (ခ) ဒါဟီမာဘီဘီ တို့၏သား မောင်စွမ်းထက်လျှမ်း (ခ) မုဟမ္မဒ်အလီ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိခင်ဖြစ်သူ စိတ်ဆင်းရဲ စေရန်ပြုလုပ်မှုများ အရှက်တကွဲဖြစ်ရပ်များကို ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်များကိုမဆို မိခင်ဖြစ်သူမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မိခင်ဖြစ်သူနှင့်လည်း သက်ဆိုင်ခြင်းမရှိတော့ ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်စိုးစိုး(ခ)ဒါဟီမာဘီဘီ** | **ဒေါ်အေမီသက် (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၅၉၁)**
**တိုက် (၉/၁၁)၊ အခန်းအမှတ်-၀၀၄၊ မြေညီထပ်၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉၄၄၃၁၈၆၈၂၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်း ရပ်ကွက်၊ (၁၁၉)လမ်း၊ အိမ်အမှတ် (၁၉)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နွယ်နီထွန်း [၁၂/မဂတ(နိုင်)၀၈၂၂၅၃] ၏ သမီးဖြစ်သူ မဖူးပွင့်ရည် [၁၂/ မဂတ(နိုင်)၁၁၅၃၅၅] ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ၏ သွန်သင် ဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲသောကဖြစ်အောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ကြေညာ ချက်ပါသည့်နေ့မှစ၍ ၎င်းနှင့်သက်ဆိုင်သော မည်သည့်ကိစ္စမဆို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ ကြေညာချက်နှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူလွင် အထက်တန်းရှေ့နေ(စဉ်- ၅၂၉၀၇)**
**အမှတ်(A-6)၄၀၂၊ အင်ကြင်းလမ်း၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၄၂၇၂၆၂၁၀၊ ၀၉-၄၂၂၆၅၅၉၇**

## စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၈)ရှိ ၊ ၂ ခန်းတွဲ (၇)ထပ်တိုက်၏ (၅)လွှာ(ခေါင်းရင်းခန်း-ဘယ်) (၁၅ပေ x ၆၀ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့်တိုက်ခန်းအား ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ဝတ်ရည်ပွင့် [၁၂/လမတ(နိုင်)၀၃၄၀၉၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာ သောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

## စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ဇလွန်လမ်း၊ အမှတ်(၆၂)ရှိ ၂ ခန်းတွဲ (၆)ထပ်တိုက်၏ (၄)လွှာ-ဘီ(ခြေရင်းခန်း-ယာ) (၁၂½ ပေ x ၅၀ပေ)ခန့်ရှိ ရေ၊ မီး အစုံပါဝင်သည့်တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းအေး [၁၂/ဗတထ(နိုင်)၀၃၀၀၅၉]ထံမှ ဒေါ်အေးမို့မို့ကျော်[၁၄/မအန(နိုင်)၂၁၀၉၇၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**japan-ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။ pH: 09-767772099, 09-774597373, 09-767779901**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# ကြော်ငြာစာအမှတ်(၁/၂၀၂၄)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် သို့ ၁၄-၅-၂၀၂၄ ရက် (အင်္ဂါနေ့) (လျှောက်လွှာပိတ်ရက်)မတိုင်မီ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်း | အနိမ့်ဆုံးပညာအရည်အချင်း | လစ်လပ်နေရာ ကျား မ | ကျား/မ |
|---|---|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) (ဘူမိဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology)(Q)(Hons;) B.Sc (Geology)+ DAG | ၂ | |
| (ခ) | သုတေသနလက်ထောက်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology,Chemistry, Industrial Chemistry, Physics, Zoology, Botany)Q | ၂ | |
| (ဂ) | စာရင်းကိုင်(၂) (ဘဏ္ဍာရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/ B.Act/B.Econ(Eco)/ B.Econ(Stats) | | ၅ |
| (ဃ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ၁၁ | ၁၃ |
| (င) | စာရင်းကိုင်(၄) (ဘဏ္ဍာရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ+ (ဘဏ္ဍာရေးဆိုင်ရာ/ ကွန်ပျူတာလက်မှတ်) | | ၅ |
| (စ) | စက်မှုကျွမ်းကျင်(၄) (တူးဖော်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၂၀ | |
| (ဆ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) (သုတေသန) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Sc | ၁ | |
| (ဇ) | တိုင်းထွာရေး(၅) (ဘူမိဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၃ | |
| (ဈ) | စက်မှုကျွမ်းကျင်(၅) (တူးဖော်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၁၂ | |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၃-၂၀၂၄ နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းဖြစ်ပါက အသက် (၄၀)နှစ်ထိ ခွင့်ပြုသည်။
(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-
(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူမှန်
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်
(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)

မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့် အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ်(က)မှ(င)ထိ မိတ္တူမှန်များ၏မူရင်းများကို တင်ပြရပါမည်။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ၈-၆-၂၀၂၄ ရက် (စနေနေ့)နှင့် ၉-၆-၂၀၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ နေပြည်တော် အ-ထ-က(၇)တွင်ကျင်းပမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို အောက်ဖော်ပြပါရာထူးအတွက် လျှောက်ထားသူများမှ ဖြေဆိုရမည်ဖြစ်ပါသည်-
(က) လစာနှုန်း ၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၈-၆-၂၀၂၄ (စနေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊
(ခ) လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၉-၆-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

၆။ လစာနှုန်း ၁၆၂၀၀၀ိ-၂၀၀၀ိ-၁၇၂၀၀၀ိ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့်အချက်အလက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့် ရရှိသူအမည်စာရင်းအား ဖော်ပြပါ Website တွင် ကြိုတင် ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့် ကတ်ပြားများကို ၆-၆-၂၀၂၄ ရက်(ကြာသပတေးနေ့)၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင်ထုတ်ပေးသွားမည်ဖြစ်ရာ လူကိုယ်တိုင်လာရောက်ထုတ်ယူရပါမည်။

၈။ လစာနှုန်း ၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ တန်း ရာထူးနှင့် လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ တန်း ရာထူးအတွက် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း၊ လစာနှုန်း ၁၆၂၀၀၀ိ-၂၀၀၀ိ-၁၇၂၀၀၀ိ တန်း ရာထူးအတွက် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း ဖော်ပြပါ Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဖုန်းနံပါတ်-၀၆၇-၃၄၁၁၃၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

